ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ရက်၊ သောကြာနေ့၊ (2-4-2004) (၄၁၉၄)

ယနေ့ထုတ်စောင်ရေ ၁၉၆၆၉၉

အပ္ပမာဒေါ စ ဓမ္မေသု တော် မင်္ဂလ မုတ္တမံ။

တရားဌ် မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဟံသာတမြို့ ဟံသာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဧရာဝတီတိုင်း ဟံသာတမြို့ ဟံသာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၁

ဧရာဝတီတိုင်း ဟံသာတမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ဟံသာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ရက် နံနက် ၁၀နာရီခွဲတွင် အဆိုပါ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သာသနာ့ဗိမာန်တော်ကြီး မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဟံသာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားသို့ မဟာဒွါရနိကာယ ထေရသမ သာသနာပိုင် ဟံသာတမြို့ မဟိတာရုံ ကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယာသဘ၊ နိုင်ငံတော် သြဝါဒါစရိယ အတွင်း ပတ္တမြားကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အရိယဝံသ တို့ အမှူးပြုတော်မူသည့် ဆရာတော်ကြီးများ ကြွရောက်တော်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❀

ဟံသာတမြို့ ဟံသာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲ အခမ်းအနားတွင် သာသနာ့ဗိမာန်တော်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂-၄-၂၀၀၄
(သောကြာနေ့)

နယ်စပ်ဒေသများ တစ်ရှိန်ထိုး ဖွံ့ဖြိုးရေးဆောင်ရွက် အမျိုးသားရေးကဏ္ဍသုံးရပ် အခိုင်အမာတည်ဆောက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသား မျိုးနွယ်စုများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ယနေ့ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်သောစွမ်းအားဖြင့် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးဖြစ်သည်။ နိုင်ငံတော်အစိုးရက ကြောင်းကျိုးဆီလျော်မှန်ကန်သည့် မူဝါဒများဖြင့် လမ်းပြဖော်ဆောင်၍ ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အခြေခံကောင်းများ ဖြစ်ထွန်းစေရန် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားများအားလုံး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း စည်းလုံးညီညွတ်ပြီး အမျိုးသားရေး ခံယူချက်များ တူညီစွာဖြစ်ထွန်းနေရန် လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေးအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရရှိစေရန် ဦးစွာဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာမှုနှင့်အတူ နယ်စပ်ဒေသအစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အခြေခံကောင်းများ ဖြစ်ထွန်းလာရေး၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ထွန်းလာစေရေး အစီအမံများကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ယှဉ်တွဲပြီး စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဒေသခံပြည်သူများအတွက် ပြည့်ပြည့်ဝဝ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး လမ်းညွှန်ချက်များ ချမှတ်ပေးထားသည်နှင့်အညီ အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်ကြမည့် အရာရှိများကို လုပ်ငန်းတာဝန်များ နိုင်နိုင်နင်းနင်း ထမ်းဆောင်နိုင်စေရန် ဖွံ့ဖြိုးရေးဆိုင်ရာ၊ စည်းရုံးရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မတ်လ ၂၈ ရက်နေ့က ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးရေးအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံရာတွင် လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား၊ သင်တန်းသူများအား မှာကြားရာတွင် **ဒေသခံပြည်သူများအကြား မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအစိုးရအပေါ် ချစ်ခင်မြတ်နိုးမှု၊ ယုံကြည်ကိုးစားမှု စိတ်ထားများ တိုးတက်ဖြစ်ထွန်းစေရေးနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု မျက်နှာစာအစုံတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရအောင် တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း အထူးလိုအပ်မည်ဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်များ ပြည့်မြောက်စေရေးအတွက် လူမှုရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍ၊ စိတ်ဓာတ်ရေးရာကဏ္ဍစသည့် အမျိုးသားရေးကဏ္ဍသုံးရပ်ကို မိမိတို့ဒေသအတွင်းတွင် အခိုင်အမာတည်ဆောက်သွားကြရန်** မှာကြားခဲ့သည်။

ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်းဆင်းအရာရှိများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ဒေသအတွင်းရှိ သဘာဝသယံဇာတများကို စနစ်တကျ အသုံးပြုနိုင်ရေးတို့အတွက် လိုအပ်သည့် ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ကြရမည် ဖြစ်သည်။ အထူးသဖြင့် ဝိသမစီးပွားရေးသမားများ၏ စီးပွားရေးအမြတ်ထုတ်မှု၊ တရားမဝင်စီးပွားရှာမှု၊ တရားမဝင် စီးပွားကုန်သွယ်မှုများနှင့် နိုင်ငံတော်၏ သဘာဝသယံဇာတများအား ခိုးထုတ်မှုများကို တားဆီးနိုင်ရေး တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ သက်ဆိုင်ရာ ဒေသအလိုက်တာဝန်ယူကြရမည့် အရာရှိများအနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအကြား ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရင်း လူမှုရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍ၊ စိတ်ဓာတ်ရေးရာကဏ္ဍစသည့် အမျိုးသားရေးကဏ္ဍသုံးရပ်ကို မိမိတို့ဒေသအတွင်း အခိုင်အမာတည်ဆောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

မတ် ၃၁ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ဟသ်ာတမြို့ မဟာအတုလသကျရံသီ ဆယ်ထပ်ကြီးဘုရားအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းရှေ့ဖုံး) (သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဧပြီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဧပြီ ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဒဂုံဂျုံစက် မြေဧရိယာ သုည ဒသမ ၆၆၆ ဧက အမှတ်(၁၅/၁၉) အမှတ်(၉) ရပ်ကွက် ဇော်ဂျီလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး (ကျပ် ခြောက်ရာ ကိုးသန်းခုနစ်သိန်းတိတိ)ဖြင့်လည်းကောင်း၊ သမဝါယမဝန်ကြီးဌာန၏ အမှတ်(၆၉) တောင်ဗိုလ်ချုပ်လမ်း (အောက်လမ်းမကြီး) ဖက်တန်းရပ်ကွက် မော်လမြိုင်မြို့ သုံးထပ်အဆောက်အအုံ၏ မြေညီထပ်နှင့် ပထမထပ်(ပဆ-၁၁၈၈)မြေဧရိယာ သုည ဒသမ ၀၆၉ဧက ကိုကြမ်းခင်းဈေး (တစ်ဆယ့်တစ်သန်းကိုးသိန်းလေးထောင်တိတိ) ဖြင့်လည်းကောင်း၊ အမှတ်(ဈ/၄၉) ဘဏ္ဍာလမ်း ဈေးကြီးရပ်ကွက် လှည်းကူးမြို့နယ် ရန်ကုန်တိုင်း နှစ်ထပ်တိုက်အဆောက်အအုံ(ပဆ/၁၄/၃၂၁၀) မြေဧရိယာ သုည ဒသမ ၀၄၂ဧကကို (ကျပ်နှစ်သန်းကိုးသိန်းခြောက်သောင်းတိတိ) ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ မြိတ်မြို့ ရွှေဗဟိုရပ်ရှင်ရုံမြေနေရာ မြေဧရိယာသုညဒသမ ၁၁၄ဧကေ ဗဟိုလမ်း မြစ်ငယ်ရပ်ကွက် မြိတ်မြို့ တနင်္သာရီတိုင်းကို ကြမ်းခင်းဈေး (ကျပ်ငါးသန်းခုနစ်သိန်းတိတိ)ဖြင့် လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။ ဝယ်ယူလိုသူ ပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ဧပြီ ၃၀ရက် ညနေ ၄နာရီ နောက်ဆုံးထားပြီး သတ်မှတ်ထားသော အဆိုပြုလွှာကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့)သို့ တင်သွင်းရန်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာ ပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်ဖြစ်ပြီး အမွေဆိုင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာမူရင်းအပြည့်အစုံကိုတင်ပြရမည်ဖြစ်သည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့) ဖုန်း-၂၄၅၅၀၆၊ ၂၄၅၅၁၆နှင့် ၂၄၅၅၃၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မင်္ဂလာတောင်ညွန့်မြို့နယ် အလက(၁)၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ်၂၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝေလင်း စတုတ္ထတန်းကျောင်းသူ မခိုင်မာလာထွန်းအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ဟင်္သာတမြို့၌ ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲ အခမ်းအနားတွင် မဟာဒွါရနိကာယ တေရသမ သာသနာပိုင် ဟင်္သာတမြို့ မဟိတာရုံကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယာသဘထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးမှာ အလျားပေ ၁၂၀၊ အနံပေ ၇၀ရှိသည့် ပရိသတ် ၅၀၀၀ခန့်ဆံ့ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မတည်လှူဒါန်းငွေနှင့် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့

❀ ရှေ့ဖုံးမှ

မှုကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင်နှင့် ဟင်္သာတမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

မော်ကွန်းကမ္ဗည်းဖွင့်လှစ်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး မော်ကွန်းကမ္ဗည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မော်ကွန်းကမ္ဗည်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် သာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်လှူဒါန်း ရေစက်ချမင်္ဂလာအခမ်းအနားကို သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ကျင်းပရာ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ရီက ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖြစ်ပေါ်လာရသည့် အကြောင်းရင်းနှင့် သာသနာ့ဗိမာန်တော်ကြီးနှင့် စပ်လျဉ်းသည့် အချက်အလက်များကို လျှောက်ထားတင်ပြသည်။

ငါးပါးသီလခံယူ

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး မဟာဒွါရနိကာယတေရသမသာသနာပိုင် ဟင်္သာတမြို့ မဟိတာရုံကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယာသဘထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က မဟာဒွါရနိကာယ တေရသမ သာသနာပိုင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာစာရက သာဓုအနုမောဒနာတရားချီးမြှင့်တော်မူသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟင်္သာတမြို့၌ ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားတွင် မော်ကွန်းကမ္ဗည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ ဘာဆာရာတွင် အဓိကရုဏ်းဖြစ်ပွား
ဆန္ဒပြသူ တစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရ

ဘာဆာရာ(အီရတ်) မတ် ၃၁

အီရတ်နိုင်ငံ တောင်ပိုင်းဒေသရှိ ဘာဆာရာမြို့မှ အဖွဲ့အစည်းရုံးတစ်ခု အပြင်ဘက်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြလူအုပ်တို့ တနင်္လာနေ့က ရုတ်ရုတ်သဲသဲ အခင်းဖြစ်ပွားကြရာ ဆန္ဒပြသူတစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဆန္ဒပြသူ ၈၀ ခန့် ပါဝင်သည့် လူအုပ်အား ထိန်းချုပ်ရန်ကြိုးပမ်းသည့်အနေဖြင့် ဗြိတိသျှတပ်ဖွဲ့အုပ်စုက အဓိကရုဏ်းသုံး ဒိုင်းများနှင့် နံပါတ်တုတ်များ ကိုင်ဆောင်အသုံးပြုခဲ့ကြသည်။

ဆန္ဒပြသူများက ဗြိတိသျှတပ်ဖွဲ့ဝင်များအား ကျောက်ခဲများဖြင့်ပစ်ပေါက်၊ သံတုတ်များဖြင့် ပစ်ခတ်ကြကာ ကားတာယာဟောင်းများကို မီးရှို့ကြပုံကို ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသသည်။

ရိုက်နှက်

ဆန္ဒပြသူတစ်ဦးက ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးထံမှ ရိုင်ဖယ်သေနတ်အား လုယူရန်ကြိုးပမ်းသော်လည်း အခြားတပ်ဖွဲ့ဝင်များက အလျင်အမြန်ရိုက်နှက်မှုကြောင့် မြေကြီးပေါ်သို့ ပုံလဲကျသွားသည်။ ဗြိတိသျှတပ်ဖွဲ့မှ သံချပ်ကာလင့်ရိုဗာကား လေးစီးထက်မနည်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာကြသည်။ ရုပ်မြင်သံကြားက ပစ္စည်းမျိုးစုံ မီးလောင်ကျွမ်းနေပုံနှင့် ဓာတ်ဆီပုံးများလမ်းတစ်လျှောက် ပြန့်ကျဲနေပုံကို ထုတ်လွှင့်ပြသသွားသည်။

ဒဏ်ရာရရှိ

ဆန္ဒပြသူတစ်ဦးမှာ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ရော်ဘာတုတ်ဖြင့်ရိုက်နှက်မှုကြောင့် ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဒဏ်ရာရသူအား ဆေးရုံသို့ သယ်ဆောင်သွားကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် လမ်းဘေးဗုံးပေါက်ကွဲ ကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၃၁

စပိန်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့နှင့် အီရတ် ဆန္ဒပြသူများသည် အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရုတ်ရုတ် သဲသဲဖြစ်ပွားရာ လူလေးဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိသည်။ ထိုစဉ်အတွင်း အမေရိကန်ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့ဝင်တစ်ဦး အီရတ်နိုင်ငံအနောက်ပိုင်းဒေသတွင် လမ်းဘေးထောင်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်။

ဒုတိယမြောက် တပ်ဖွဲ့ဝင်တစ်ဦးသည်လည်း ရာမာဒီမြို့အနီး ဗုံးပေါက်ကွဲရာတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အပေါင်းပါတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ဖော်ပြပါဒေသသည် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေကျ နေရာဖြစ်သည်။

သေဆုံး

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်းသည် ရာမာဒီဒေသတွင် သွားလာနေစဉ် တွန်းလှန်တိုက်ခိုက်ရေးသမားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ် လမ်းချော်သွားစဉ် အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် နောက်တစ်နေ့တွင် ဖော်ပြပါ တိုက်ခိုက်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းအချိန်တွင် နာဂျက်ဖ်မြို့၌ အမေရိကန်ဆန့်ကျင် ဆန္ဒပြသူများသည် စပိန်တပ်ဖွဲ့ဝင်များ၊ အီရတ်ရဲတပ်ဖွဲ့နှင့် အချင်းဖြစ်ပွားခဲ့ကြသည်။

ဆန္ဒပြသူများက အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲတပ်ဖွဲ့မှ မော်တော်ယာဉ်များအား ကျောက်ခဲ၊ ကျောက်တုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့ရာ စပိန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဆန္ဒပြသူနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း ဒုတိယဗိုလ်မှူးကြီး ဟက်ဆန်နက်ဆာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အင်တာနက်။



သတိပေးချက် ထုတ်ပြန်

အမေရိကန် ဆန့်ကျင်ရေး ဆောင်းပါးများ ဖော်ပြသည့် ဘဂ္ဂဒက်မြို့ အပတ်စဉ်ထုတ် အယ်–ဟော်ဇာ သတင်းစာတိုက် အဝင်ဝတွင် မတ် ၃၀ ရက်က သတိပေးချက် ထုတ်ပြန်ကာ ပိတ်ထားသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နိုင်ငံတကာသတင်းများ

အီရတ်စစ်ပွဲတွင် ကနေဒါမပါဝင်ရန် ဆုံးဖြတ်ခဲ့မှု နောင်တမရ
ကမ္ဘာ့ရေးရာများတွင် ကုလသမဂ္ဂ ဩဇာတိက္ကမရှိရန် လိုအပ်

လန်ဒန် မတ် ၃၁

မိမိအနေဖြင့် အီရတ်စစ်ပွဲတွင် ကနေဒါနိုင်ငံပါဝင်မှုမရှိရန် ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ နောင်တရစရာမရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့ရေးရာကိစ္စများတွင် ဩဇာတိက္ကမရှိစေရန် လိုအပ်သောကြောင့်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ်ဟောင်း ဂျင်းခရက်တီယန်ကပြောကြားလိုက်သည်။

ကုလသမဂ္ဂတွင် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီဆိုပါက မိမိတို့အနေဖြင့် ယင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ပတ်သက်ရမည်ဖြစ်ကြောင်း ခရက်တီယန်က အင်္ဂါနေ့က ပြောကြားသည်။ အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုတွင် မိမိနိုင်ငံ မပါဝင်ရန်ဆုံးဖြတ်ချက်သည် ကနေဒါ ပြည်သူပြည်သားများ၏ တုံ့ပြန်မှုကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နှစ်ထောင်းအားရဖြစ်

ကနေဒါပြည်သူလူထုသည် ယင်းဆုံးဖြတ်မှုအပေါ် နှစ်ထောင်းအားရဖြစ်ကြပြီး ယင်းဆုံးဖြတ်ချက်သည် မိမိတို့ လွတ်လပ်မှုရှိပုံအရသက်သေပြလိုက်သည့် မှန်ကန်သည့်လုပ်ရပ်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ခရက်တီယန်က ဆက်လက်ပြောကြားသည်။ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ခရက်တီယန်လက်ထက်က လစ်ဘရယ်အစိုးရအဖွဲ့ ဆောင်ရွက်ခဲ့သမျှအပေါ် မိမိဂုဏ်ယူမိကြောင်း ဝန်ကြီးချုပ် ပေါလ်မာတင်က တိုရွန်တိုမြို့တွင် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် မိမိတို့အစိုးရအဖွဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့ပါက မိမိတို့ ယနေ့ရရှိနေသည့် ညီညွတ်စည်းရုံးမှုမျိုး မရနိုင်ကြောင်း ပေါလ်မာတင်က အီရတ်နိုင်ငံကိစ္စတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် ဆုံးဖြတ်ချက်အား ကာကွယ်ပြောကြားသည်။ အီရတ်စစ်ပွဲတွင် ပါဝင်ပတ်သက်မှုမရှိဘဲ ဘေးရှောင်နေသည့် ဆုံးဖြတ်ချက်သည် ခက်ခဲလှကြောင်း၊ ယင်းဆုံးဖြတ်ချက်သည် အမေရိကန်ပြည်ထောင်စု၏ ဆန္ဒနှင့်ကွဲပြားမှု ရှိနေသောကြောင့်ဖြစ်ကြောင်း ခရက်တီယန်က ပြောကြားသည်။

အင်တာနက်။

စီးကရက်ကြော်ငြာများ ဖနွမ်းပင်မြို့မှ ဖယ်ရှားမည်

ဖနွမ်းပင် မတ် ၃၁

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် စီးကရက်ကြော်ငြာများကို ယခုသီတင်းပတ်မှ စတင်ကာ ဖယ်ရှားတော့မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဒေးလီသတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

ဆေးရွက်ကြီး ထိန်းချုပ် ရေးဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ၏ မူဘောင်အစီအစဉ် သတ်မှတ်ရေး ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာစေရေးအတွက် စီးကရက်ကြော်ငြာ ဆိုင်းဘုတ်များနှင့် စီးကရက်နှင့် ပတ်သက်သည့် အခြားပုံနှိပ်ကြော်ငြာများကို ဖယ်ရှားပစ်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဖနွမ်းပင်မြို့တော် အုပ်ချုပ်ရေးအဖွဲ့အား မေတ္တာရပ်ခံခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် မီးလောင်ကျွမ်းနေသည့် ကားတစ်စီးအနီး အောင်ပွဲခံနေသည့် အီရတ်များကို မတ် ၃၁ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အသတ်ခံရ

ဘဂ္ဂဒက် မတ် ၃၁

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပြောက်ကျားများလက်ချက်ဖြင့် တနင်္လာနေ့တွင် သေဆုံးသွားကြောင်း သိရသည်။ အီရတ်တောင်ပိုင်း ဘာဆာရာမြို့၌ ကန့်ကွက်ဆန္ဒပြသူများအား အမေရိကန်တပ်ဖွဲ့ဝင်များက နံပါတ်တုတ်နှင့် ရိုက်၊ ရော်ဘာကျည်ဆန်တို့ဖြင့် ပစ်ခတ်သဖြင့် အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ဆန္ဒပြသူတစ်ဦးနှင့် ဗြိတိန်တပ်ဖွဲ့ဝင် နှစ်ဦးတို့ ဒဏ်ရာရရှိသွားသည်။

အသတ်ခံရ

ဆွန်နီတြိဂံဒေသတွင်းရှိ ဖော်လူဂျာမြို့အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အသတ်ခံလိုက်ရကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ သေဆုံးသည့် အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် အပါအဝင် အီရတ်နိုင်ငံတိုက်ပွဲဖြစ်ပွားစဉ် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၀၁ ဦး ရှိသွားပြီဟု သိရသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ဘက် ကီလိုမီတာ ၅၅၀ အကွာ ဘာဆာရာမြို့၌ ဗြိတိန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ဆန္ဒပြသမားများ အဓိကရုဏ်းဖြစ်ပွားရာ၌ အနည်းဆုံး ဆန္ဒပြသမားတစ်ဦးနှင့် ဗြိတိန်တပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရသွားသည်။

တိုက်ခိုက်

အဆောက်အအုံတစ်ခုအတွင်းမှ နှင်ထုတ်ခံရသည့် အီရတ်များက ဗြိတိန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ကြကြောင်းဖြင့် ဗြိတိန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဇင်စမစ်က ပြောဆိုသည်။ ***အင်တာနက်။***

ဘုရှ်၏ ပြည်တွင်းလုံခြုံရေးဆောင်ရွက်မှုကို ကန်ပြည်သူတို့ မယုံကြည် သမ္မတအပေါ် ပြည်သူလူထု၏ ထောက်ခံမှု ကျဆင်းလာကြောင်း စစ်တမ်း၌ဖော်ပြ

ဝါရှင်တန် မတ် ၃၁

အမေရိကန်သမ္မတ ဘုရှ်အစိုးရလက်ထက် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မတိုင်မီအချိန်က အကြမ်းဖက်မှုဆိုင်ရာ ကာကွယ်ရေးကိစ္စများကို ကိုင်တွယ်ရာ၌ ပီပြင်မှုရှိ၊ မရှိ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးအဖွဲ့ အကြီးအကဲဟောင်း ရစ်ချတ်ကလပ်က မေးခွန်းထုတ်ခဲ့သည်။ ထိုသို့မေးခွန်းထုတ်ချိန်မှစ၍ သမ္မတဘုရှ်၏ ပြည်တွင်းလုံခြုံရေးကိစ္စများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်မှုအပေါ် ပြည်သူများ၏ ယုံကြည်ထောက်ခံမှုသည် ကျဆင်းလာသည်ကို တွေ့ရကြောင်း လူထုသဘောထားကောက်ယူမှုစစ်တမ်းက ဖော်ပြသည်။ ထိုစစ်တမ်းကို နယူးစ်ဝိခ်စစ်တမ်းကောက်ယူရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သော နှစ်လတာအချိန်က လူထုသဘောထား ကောက်ယူလေ့လာခဲ့ရာတွင် သမ္မတဘုရှ်၏ အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ပွဲဆင်နွှဲပုံနှင့် ပြည်တွင်းလုံခြုံရေးကိစ္စ ကိုင်တွယ်ပုံများ ကောင်းမွန်ကြောင်း ထောက်ခံချက်ပေးသူ ၇၀ ရာခိုင်နှုန်းရှိခဲ့သည်။ သို့ရာတွင် မကြာသေးမီကပြုလုပ်ခဲ့သော လူထုသဘောထားလေ့လာမှုစစ်တမ်းတွင်မူ အမေရိကန်ပြည်သူများ၏ သမ္မတအပေါ်ထောက်ခံမှုသည် ၅၇ ရာခိုင်နှုန်းသာရှိတော့သည်ကို တွေ့ရှိကြရသည်။

အသေးစိတ်စွပ်စွဲ

အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဌာန အကြီးအကဲဟောင်း ကလပ်သည် ပြီးခဲ့သော သီတင်းပတ်တွင် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ အဖြစ်အပျက်များနှင့်ပတ်သက်၍ စစ်ဆေးရေးကော်မတီ၏ရှေ့မှောက်တွင် ထွက်ဆိုချက်ပေးခဲ့သည်။ ထို့အပြင် ထိုစဉ်က အစိုးရ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ စွပ်စွဲချက်များကို အသေးစိတ် ဖော်ပြထားသော ၎င်းရေးသားထားသည့် စာအုပ်ကိုလည်း ထုတ်ဝေခဲ့သည်။

ကလပ်သည် အမေရိကန်သမ္မတလေးဆက်၏လက်အောက်တွင် အမှုထမ်းခဲ့ဖူးသူတစ်ဦးဖြစ်သည်။ ၎င်းက ဘုရှ်အစိုးရသည် အကြမ်းဖက်ကိစ္စများနှင့်ပတ်သက်၍ အမှားမှားအယွင်းယွင်း ဆောင်ရွက်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုမတိုင်မီ အချိန်က ရရှိခဲ့သော သတိပေးချက်များကိုလည်း လျစ်လျူရှုခဲ့သည်ဟု စွပ်စွဲထားသည်။

ထိုးနှက်ချက်

ကလပ်၏စွပ်စွဲချက်များသည် ဒုတိယအကြိမ် သမ္မတအဖြစ် ပြန်လည်အရွေးခံရန် ပြင်ဆင်နေသော သမ္မတအတွက် အထိနာဆုံးသော ထိုးနှက်ချက်ပင်ဖြစ်ကြောင်း အိမ်ဖြူတော်ရှိ ဘုရှ်၏အသိုင်းအဝိုင်းများက ပြောကြားကြသည်။

လေ့လာစူးစမ်း

နယူးစ်ဝိခ်က ယခုပြုလုပ်သော လူထုသဘောထားကောက်ယူမှုကို ပရင်စတန်သုတေသနအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။ အသက် ၁၈ နှစ်နှင့်အထက် လူပေါင်း ၁၀၀၂ ဦးတို့၏ သဘောထားများကို လေ့လာစူးစမ်းပြီးစိစစ်ရာမှ ရရှိလာသော ကောက်ချက်များဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မတ် ၃၁ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့ လေဆိပ်ပင်မဝင်ပေါက်ကို လုံခြုံရေးစောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင် ၂၄ ဦး အီရတ်၌ ကိုယ့်ကိုယ်ကိုသတ်သေ သတ်သေနှုန်းများပြားနေ၍ လျော့ကျအောင် ကြိုးပမ်းနေရ

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်စဉ်နှင့် တပ်စွဲထားစဉ် အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကို သတ်သေမှုနှုန်းများပြားသဖြင့် အဆုံးစီရင်မှု လျော့နည်းရေးအတွက် အမေရိကန် ကြည်းတပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးသင့်ကြောင်း အမေရိကန်ကြည်းတပ် လေ့လာတွေ့ရှိချက်တွင် ဖော်ပြပါရှိသည်။

စစ်ဖြစ်ပွားသည့် ဒေသအတွင်း ပထမဆုံး ကွင်းဆင်းပြုစုသည့် ယင်းလေ့လာချက်ကို အီရတ်၌ဩဂုတ်လမှ အောက်တိုဘာလအထိ သွားရောက်ပြုစုခြင်းဖြစ်ပြီး အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စိတ်ကျန်းမာရေးကို ကိုင်တွယ်ဖြေရှင်းပေးရန် ရည်ရွယ်ပြုစုခြင်း ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး ဇူလိုင်လတွင် ကိုယ့်ကိုယ်ကိုယ်သတ်သေသည့်ဖြစ်ရပ် ပေါ်ပေါက်လာသည့်အတွက် ထိုသို့ ကွင်းဆင်းလေ့လာရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန်တပ်ဖွဲ့များ အီရတ်ကို စတင်တိုက်ခိုက်ချိန်မှစ၍ ကိုယ့်ကိုယ်ကိုယ်သတ်သေသည့် အမေရိကန်တပ်ဖွဲ့ဝင် ၂၄ ဦးရှိသည်။

လေ့လာချက်ကို အမေရိကန်ကြည်းတပ်စိတ်ပညာရှင်များနှင့် အခြားသုတေသီများပါဝင်သည့် အဖွဲ့က ပြုစုခြင်းဖြစ်ပြီး ၎င်းတို့လေ့လာ စူးစမ်းခြင်းမှာလည်း အမေရိကန်ကြည်းတပ်ဖွဲ့ဝင်များကိုသာ လေ့လာခြင်းဖြစ်ကာ မရိန်းတပ်၊ လေတပ်နှင့် ရေတပ်သားများ မပါဝင်ဟု သိရသည်။

အင်တာနက်။

အီရတ်တွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား အီရတ်ငါးဦးနှင့် ကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံသား ငါးဦးနှင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးတို့ ဗုံးပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်ရပ် တနင်္လာနေ့က ဖြစ်ပွားရာ အီရတ်နိုင်ငံတွင် ဆက်တိုက်သွေးထွက်သံယိုမှု ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဘာကူဘာမြို့ အပြင်ဘက် ကျောင်းတစ်ကျောင်းအနီးတွင် လမ်းဘေးထောင်ဗုံး ပေါက်ကွဲသောကြောင့် ကလေးငယ်နှစ်ဦးအပါဝင် အီရတ်အရပ်သားငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက် အနောက်ပိုင်းဒေသတွင် မော်တော် ယာဉ်တန်းတစ်ခု ဗုံးပေါက်ကွဲမှု ဖြစ်ပွားသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ကပြောကြားသည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ အတောမသတ် ဖြစ်ပွားနေစဉ်အတွင်း အမေရိကန် တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ဘက်ရှိ ဆွန်နီတြိဂံဒေသတွင် တွန်းလှန်တိုက်ခိုက်ရေးသမားများကို ပိုက်စိပ်တိုက်ရှာဖွေရန်အတွက် အဆက်မပြတ်ကြိုးပမ်းခဲ့သည်။

ဆာမာရာမြို့တွင် လမ်းဘေးထောင်ဗုံးကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆာမာရာမြို့၏ နေရာအတော်များများအား ပိတ်ဆို့ထားလိုက်သည်။

မရိန်းတပ်ဖွဲ့ဝင်များနှင့် တွန်းလှန်တိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုများ ပေါ်ပေါက်လာပြီးနောက် တစ်ရက်အကြာတွင် ဖော်လူဂျာမြို့အဓိက အဝင်ဂိတ်တွင် အမေရိကန်တင့်ကားနှင့် သံချပ်ကာကားများ ဒါဇင်ပေါင်းများစွာတို့က ပိတ်ဆို့ထားသည်။

အင်တာနက်။

မတ် ၃၁ ရက်က ဖော်လူဂျာမြို့တွင် ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ကားတစ်စီးပေါ်၌ အောင်ပွဲခံနေသော အီရတ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်ထရိုက်လုပ်ငန်း မရိုးသားမှုများကြောင့် ဟာလီဘာတန် ကုမ္ပဏီ ပြဿနာတက်နေ

ဝါရှင်တန် မတ် ၃၀

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံကို ကျူးကျော် တိုက်ခိုက်မှုကြောင့် အမေရိကန်ဒေါ်လာ ခြောက်ဘီလျံတန်ဖိုးရှိ ကန်ထရိုက်လုပ်ငန်းများကို ဟာလီ ဘာတန် ကုမ္ပဏီကရရှိကာ အကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ သို့ရာတွင် စစ်ဘက် ဆိုင်ရာကန်ထရိုက်လုပ်ငန်းများတွင် မရိုးမသားလုပ်ဆောင်မှုများကြောင့် အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီတာဝန်ယူခဲ့သည့် ဟာလီဘာတန်ကုမ္ပဏီသည် ပြဿနာတက်ခဲ့သည်။

အမေရိကန်စစ်ဌာနချုပ်မှ စာရင်းစစ်များသည် ဟာလီဘာတန်ကုမ္ပဏီ၏ ငွေကြေးခန့်မှန်းမှု၊ ငွေကြေးသုံးစွဲမှုနှင့် လက်ခွဲကန်ထရိုက်လုပ်ငန်းများ ချထားပေးမှုနှင့်ပတ်သက်၍ ဝေဖန်ကြပြီး လာမည့်လမှစတင်၍ အမေရိကန်ဒေါ်လာသန်း ၃၀၀ တန်ဖိုးရှိ ငွေပေးချေမှုများအား ရပ်ဆိုင်းထားရန် စီစဉ်လျက်ရှိသည်။ တရားရေးဌာနက ၎င်းကုမ္ပဏီ၏ ငွေပိုမိုတောင်းခံခြင်း၊ လာဘ်ပေးယူမှု စသည့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဒီမိုကရက်အမတ်များက ယင်းကုမ္ပဏီကို အီရတ်စစ်ပွဲမှ အမြတ်ထုတ်နေသည့်ကုမ္ပဏီဟု စွပ်စွဲပြောကြားကြသည်။ ဟာလီဘာတန်ကုမ္ပဏီအနေဖြင့် အီရတ်ဆိုင်ရာ ကန်ထရိုက်လုပ်ငန်းများအား စွန့်လွှတ်၍ အခြားလုပ်ငန်းတစ်ခု ဆောင်ရွက်သင့်ကြောင်းဖြင့် ဝေါစထရိမှ ဆန်းစစ်ဝေဖန်သူများက တိုက်တွန်းကြသည်။

ဟာလီဘာတန်ကုမ္ပဏီက မသမာမှုလုပ်မှုနှင့်ပတ်သက်၍ အပြင်းအထန်ပြန်လည်အငြင်းပွားပြောကြားပြီး မိမိကုမ္ပဏီအပေါ် စွပ်စွဲမှုများသည် နိုင်ငံရေးအရသွားပုပ်လေလွင့် ပြောဆိုမှုများသာဖြစ်ကြောင်း ပြန်လည်ဖြေရှင်းခဲ့သည်။ ယင်းကုမ္ပဏီက ငွေကြေးပိုတောင်းခံမှုနှင့်ပတ်သက်၍ အမေရိကန်စစ်ဌာနချုပ်အား ပြန်လည်ပေးအပ်ရန် ဒေါ်လာသန်း ၂၀၀ ကို ဘေးဖယ်ထားသည်။ ***အင်တာနက်။***

မြန်မာအမျိုးသမီးတို့၏ အောင်ပွဲ

စောမုံညင်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းသို့ မရောက်ခဲ့သည်မှာ နှစ်နှစ်မျှကြာခဲ့ပြီ။ ညီမငယ်တစ်ဦးမှတစ်ဆင့် ဖိတ်စာ ပို့ပေးလာသည်။ အလိုလေး–ဘယ်အချိန်က ဤအဆောက်အအုံကြီးကို ဆောက်ခဲ့ပါလိမ့်။ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ခဲ့စဉ်က ကိုယ်တိုင်ရောက်ဖူးရလိမ့်မည်ဟု မသိခဲ့ပါ။ လှေကားထစ်များကို မြင်တော့ ဒူးမကောင်းသူဖြစ်နေ၍ အားငယ်သွားမိသည်။ တွဲခေါ်မည့်သူများ အဆင်သင့်မို့ တော်ပါသေးသည်။

ဤမျှခံ့ညားထည်ဝါသော မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) လို ခန်းမကြီးမျိုး မတွေ့ဖူးသေးပါတကား။ ရာဝင်စဥ့်အိုးကြီး နှစ်လုံးနှင့်အပြည့် ထိုးခြယ်ထားသော ပန်းရောင်စုံတွေက ဆီးကြိုနေသည်။ ဖဲတွန့်လှိုင်းအဝါရောင် ခန်းဆီးများရှေ့တွင် " မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး" ဆိုင်းဘုတ်က လက်ယပ်ခေါ်နေသည်။ အမောပြေရတော့တာပေါ့။

ဂုဏ်ပြုပန်းခြင်းများကလည်း အစီအရီ။ အပွင့်ရောင်စုံအမျိုးမျိုးနှင့် ဘယ်ဟာကပို၍လှသည်ကို အရွေးရခက်ပါဘိခြင်း။ မိခင်နှင့်ကလေး၊ အားကစား၊ လူမှောင်ခိုကာကွယ်၊ ရုပ်ရှင်၊ ဂီတ၊ ပြည်ခိုင်ဖြိုး၊ စာပေစာနယ်ဇင်း၊ ဆရာဝန်အသင်း၊ မင်္ဂလာမေ၊ စီးပွားရေး စွမ်းဆောင်ရှင်၊ သူနာပြုစသည်တို့မှ ပေးပို့သော ပန်းခြင်းများ၏ တန်ဖိုးကား မနည်းလှချေ။ စင်မြင့်ပေါ်တွင် နိုင်ငံတော်အလံနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ် အလံတော် ငှက်ခါးဥရောင်ခြောက်ခုကို စိုက်ထူထားလျက် သဘာပတိများအဖွဲ့နေရာနှင့် စကားပြောစင်မြင့်က ပန်းအလှပြင်ထားပုံ၊ အလယ်က ပန်းပြင်ထားပုံကို အရင်ဆုံး သတိပြုမိသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ကနုတ်ပန်းများ ပတ်ပတ်လည်တွေ့ရပြီး မျက်နှာကြက်မီးဆိုင်းကြီးများ၏ ခံ့ညားပုံကိုလည်း ဂရုပြုမိသည်။

ဖွဲမာန်အပြည့်ဖြင့် သီဆိုနေသော အယ်လ်ခွန်းရီ၏ တေးသံက ညှို့ခဲကြိုဆိုလျက်။ ဂီတစာဆိုဟသ်ာတမြင့်ဌေး၏ တေးလက်ရာ ဖြစ်တန်ရာသည်။ နေရာယူရမည့် အတန်း(၅)ကိုပင် မရှာနိုင်သေး။ ရင်ထဲဝယ် ကြည်နူးမှုလှိုင်းတွေခုန်နေသည်။ မိတ်ဆွေတွေကို နှုတ်ဆက်ဖို့လည်း မေ့နေမိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်းကို လိုက်ကူးရာ မမီ။ ကော်ပီများဝေငှပေး၍ တော်ပါသေး၏။ မှီငြမ်းရမည့်စာစုများဖြစ်သည်။ အမျိုးသမီးဖြစ်ရ၍ အားမငယ်ဖို့၊ အခွင့်အရေးများ၊ ကာကွယ်ပေးမည့်ဥပဒေများရှိခြင်း၊ သက်တမ်းတိုကာလအတွင်း မှန်ကန်သောစည်းရုံးဦးဆောင်မှု၊ ပီပြင်သော ပညာပေးမှုနှင့် မိမိတို့အဖွဲ့အစည်းပေါ်စေတနာကောင်း ထားရှိကြရန်၊ မွန်မြတ်သောရည်ရွယ်ချက်ခုနစ်ရပ်ကို အကောင်အထည်ဖော် ညှိနှိုင်းဆွေးနွေးကြရန် စုံညီအစည်းအဝေး ခေါ်ရခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်ကြီးပေါ်ပေါက်လာပြီဖြစ်၍ ကဏ္ဍအလိုက် အဆင့်ဆင့် ဆောင်ရွက်သွားကြရန် မှာကြားသွားသည်။ မေတ္တာကရုဏာကို အခြေခံသော မြတ်နိုးဖွယ်ရာ မြန်မာမိသားစုဆက်ဆံမှုနှင့် ယဉ်ကျေးမှုဓလေ့ကို ထိန်းသိမ်းရင်း သူတစ်ပါးဖြားယောင်းသွေးဆောင်မှု မခံရအောင် သတိရှိဖို့လည်း မှာကြားသွားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်လာခြင်းသည် ထူးခြားမှုတစ်ရပ် ဖြစ်ပါသည်။ ဧည့်သည်တော်များအပြန်တွင် နှုတ်ဆက်ရန် အိုးစည်အကအဖွဲ့နှင့် ကျေးဥရောင် လိပ်ပြာမယ်လေးများက လှေကားရင်းတွင် အသင့်စောင့်ဆိုင်းနေကြသော ရှုခင်းသည် မြန်မာ ကွန်ဗင်းရှင်းစင်တာ အဆောက်အအုံကြီး၏ ကျက်သရေကို ပိုမိုဖော်ဆောင်နေသည်ဟု ထင်ရသည်။

ထိုနေ့က အခမ်းအနားမှူးအဖြစ် ဒေါ်သန်းသန်းဝင်းနှင့် ဒေါ်နန်းမြတ်နီလာအောင်တို့က ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က ဆောင်ရွက်ကြပြီး ကချင်၊ ကယား၊ ကရင်နှင့် ချင်းပြည်နယ်တို့မှ ကိုယ်စားလှယ်များက မိမိတို့ ပြည်နယ်အလိုက် တင်ပြသွားကြသည်။ တစ်ဦးလျှင် ၁၅ မိနစ်မျှရသော အချိန်တိုအတွင်း အနှစ်ချုပ်လျက် ပြီးစီးအောင် တင်ပြသွားကြသည်။

ခန်းမကြီး၏ ဝဲယာတွင် အပေါ်ထပ်သို့ တက်ရန် လှေကား နှစ်စင်းပေါ်၌ ကျေးဥရောင်လိပ်ပြာမယ်လေးများ တန်းစီ တက်လှမ်းနေပုံသည် စက်လှေကားဟု ထင်ရသည်။ ထိုအလှကို ဓာတ်ပုံဆရာများ တွေ့လိုက်ကြဟန်မတူပါ၊ ရိုက်ထားလျှင် အဘယ်မျှ အဖိုးတန်မည်မသိ။

ထိုနေ့ညနေပိုင်းတွင် မွန်၊ ရခိုင်၊ ရှမ်း(မြောက်)၊ ရှမ်း(အရှေ့)၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူးစသည့် ပြည်နယ်နှင့်တိုင်းတို့မှ ကိုယ်စားလှယ်များက ဆက်လက်တင်ပြသွားကြသည်။ ဒုတိယနေ့၌ သဘာပတိမိန့်ခွန်းအပြီးတွင် ပဲခူး(အနောက်)၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီစသည့် တိုင်းတို့မှ ကိုယ်စားလှယ်များက တင်ပြကြပြီး သဘာပတိ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၏ ခြုံငုံသုံးသပ်ချက်များကို ကြားသိရသည်။ ၄၅ မိနစ်တစ်ခါ နားသဖြင့် မပင်ပန်းကြပါ။

စာရေးသူမှာ "သမီးတို့၊ တူမတို့က ဘယ်တိုင်းကလဲ" စသည်ဖြင့် မေးချင်သည်။ စပ်စုလို၍ မဟုတ်၊ မိတ်ဆက်ချင်သည်။ အချိန်တို နှစ်ရက်အတွင်း တစ်ဦးချင်း မိတ်ဆက်ဖို့လည်း မဖြစ်နိုင်၊ ထပြီးစကားပြောသူကိုသာ သိလိုက်ရသည်။ ဆွေးနွေးချိန်ပေးသဖြင့် တက်ရောက်ဆွေးနွေးသူများလည်းရှိသည်။ မိမိတို့ရပ်ရွာပြန်ပြီး ထမ်းဆောင်ရမည့်တာဝန်များကိုလည်း အတိအကျ မှာကြားထားပြီးဖြစ်၍ စိတ်ချလက်ချပြန်နိုင်ကြပါပြီ။ အကျိုးပြုဗီဒီယို တိပ်ခွေများလည်း တစ်ပါတည်းယူသွားနိုင်ပြီဖြစ်၍ အိမ်ပြန်လှကြပါပြီ။ အစည်းအဝေးကြီး အောင်မြင်စွာ ပြီးဆုံးပါပြီဟု ကြေညာလိုက်ပြီးနောက် အစုလိုက် အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ စင်မြင့်ကြီးပေါ်က ပန်းခြင်းများပတ်လည်တွင် နေရာယူကြသည်။

ဤမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်/တိုင်းအမျိုးသမီးရေးရာ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကြီး၏ ထူးခြားချက်မှာ မျက်စိချမ်းသာရခြင်းပင်ဖြစ်သည်။ သတ်မှတ်ထားသော စုံညီကျေးဥရောင် စိမ်းပြာဝတ်စုံနှင့် ပဝါချထားသော သပ်ရပ်သည့် မြန်မာ့ ဝတ်စားဆင်ယင်မှုကိုသာ တွေ့ရသည်။ တူညီဝတ်စုံ၏ သဘောကား တူညီသောစိတ်ထားကို ပုံဆောင်ထားခြင်းဖြစ်သည်။ မျက်စိအေး၊ ဘဝင်အေးသော စုံညီပွဲကြီးကား မြင်ကွင်းထဲ၊ ဦးနှောက်ထဲက မထွက်တော့ပေ။

စာရေးသူသည် အစွဲအလမ်းကြီးတတ်သဖြင့် ခံစားမှုလည်း ပြင်းပြသည်။ (၁၁) ကြိမ်မြောက် အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲကြီး ပြီးသည့်နောက် (၁၁)ကြိမ်လွမ်း၍ ကျန်ရစ်ခဲ့သည့်နည်းတူ ယခုလည်း မြန်မာအမျိုးသမီးများ၏ စုံညီအစည်းအဝေးကြီးပြီးသွား၍ ကိုယ်စီကိုယ်င အိမ်ပြန်လှကြပေပြီ။ မိမိမှာကား ဘယ်လောက်လွမ်းနေရစ်ဦးမည် မသိ။

ကျွေးမွေးဧည့်ခံကြသော လူငယ်များအား ဘယ်ဟိုတယ်ကလဲ စပ်စုမိရာ ကုက္ကိုင်းက၊ မြရိပ်ညိုက စသည်ဖြင့် သိခဲ့ရသည်။ သူတို့ကျွေးသောမြန်မာ့အစားအစာ ငါးဘူးသီး၊ ငါးပေါင်းကြော်၊ ပုစွန်ကြော် အချောင်းလေးတွေ၊ ကြာဆံခေါက်ဆွဲကြော်တွေမှာ အရသာကောင်းမွန်လှသည်။

နိုင်ငံတော်ကို အထူးကျေးဇူးတင်ရသည့်နည်းတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုလည်း ကျေးဇူးအထပ်ထပ် တင်ရပါသည်။ အလှပေါင်းစုံက အမျိုးသမီးများ အားသစ်စိတ်သစ်နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ကြပေတော့မည်။

လွမ်းကျန်ရစ်ပြီ (MCC) ဟုဆိုလျှင် ပိုလွန်းသည် ထင်ကြမလား။ ။

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre အဆောက်အအုံကို တွေ့ရစဉ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဟင်္သာတမြို့ မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီး ဘုရားအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၃မှ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ပရိသတ်များကလှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်းဖြိုး

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်လှစ်လှူဒါန်း ရေစက်ချမင်္ဂလာ အခမ်းအနား အောင်မြင်ပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးကို ကြည့်ရှုကြသည်။

ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးမှာ အလျား ပေ ၁၂၀၊ အနံပေ ၇၀ရှိပြီး ပရိသတ် ၅၀၀ခန့် ဆံ့သော ဗိမာန်တော်ကြီးဖြစ်သည်။

စုပေါင်းလှူဒါန်း

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မတည်လှူဒါန်းငွေနှင့် စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖူးမြော်ကြည်ညို

ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ မဟာအတုလသကျရုံသီ ဆယ်ထပ်ကြီးဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဆယ်ထပ်ကြီးဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဟင်္သာတမြို့ ဟင်္သာတခရိုင် သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲအခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့လေကြောင်း ရန်ကုန်–ပုသိမ်–သံတွဲ ခရီးစဉ် တိုးချဲ့ပျံသန်းပေးမည်

ရန်ကုန် ဧပြီ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းက လေယာဉ်ခရီးစဉ်များကို တိုးချဲ့ပျံသန်းပေးလျက်ရှိရာ ဧပြီရက်မှ စတင်၍ ရန်ကုန်–ပုသိမ်–သံတွဲ–ပုသိမ်–ရန်ကုန် ခရီးစဉ်ကို ဖော်ကာ–၂၇ လေယာဉ်ဖြင့် အပတ်စဉ် တစ်ပတ်လျှင် နှစ်ကြိမ် တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် ပျံသန်းပေးမည်ဖြစ်သည်။ (သတင်းစဉ်)

စာပေအနုပညာပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ပြပွဲကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူ၊ ပြည်သူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၆၀၀ကျော် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်း ဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ် အလက(၄) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ပညာသင်နှစ် မူလတန်းဆင့်၊ အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ် ၂၉ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ်က ကျောင်းသားမောင်နိုင်ဦးအား မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (က–ပ)

တပ်မတော်နေ့ပြပွဲ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၆နာရီ အထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ သတ္တမနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း၇၀၀ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် ဧပြီ ၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် ချောင်းဖျားကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲတို့ကို မတ် ၂၇ရက် မွန်းလွဲ ၁နာရီတွင် ကျေးရွာဆေးပေးခန်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြစီနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟန်သိန်းတို့က အမှာစကားပြောကြားပြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဟသ်ာတမြို့တွင် ဧရာဝတီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

ဧရာဝတီတိုင်းအတွင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဟသ်ာတခရိုင် သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဝါး၊ ဆား၊ ထုံးကျောက်၊ လျှပ်စစ်ဓာတ်အား၊ မီးထိုးဆီနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်များ၊ ကုန်ကြမ်းဝါးရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ဆက်စပ်အကောင်အထည်ဖော်သွားမည့် တစ်နေ့တန် ၅၀အဆင့်မြင့် စက္ကူစက်ရုံစီမံကိန်း(သာပေါင်း)၊ တစ်နေ့ တန် ၆၀ သတင်းစာစက္ကူစက်ရုံ စီမံကိန်း(သာပေါင်း)နှင့် မီးထိုးဆီ သိုလှောင်ကန်စက်ရုံ တည်ဆောက်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က သာပေါင်းစက်ရုံ စီမံကိန်းအတွက် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က စက်ရုံသို့ ကုန်ကြမ်းဝါး သယ်ယူနိုင်မည့် ရေလမ်း၊ ကုန်းလမ်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံမှာ ကြီးမားသည့် စက်ရုံကြီးဖြစ်၍ စက်ရုံကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ကိုင်တွယ်လည်ပတ် ကုန်ထုတ်လုပ်နိုင်ရန်လိုကြောင်း။

စက်ရုံသို့ ကုန်ကြမ်းဝါးများ အချိန်မီ သယ်ယူရောက်ရှိရေးအတွက် နည်းလမ်းများ ရှာကြံထားရမှာဖြစ်သကဲ့သို့ လိုအပ်သော ကုန်ကြမ်းဝါး စဉ်ဆက်မပြတ် ရရှိစေရေးအတွက်လည်း စီမံချက်ချမှတ်၍ ဝါးစိုက်ခင်း၊ သစ်စိုက်ခင်းများ စနစ်တကျ စိုက်ပျိုးထူထောင်သွားကြရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ပျော့ဖတ်နှင့် စက္ကူများ သုံးစွဲသူများထံ မြန်မြန်ဆန်ဆန်

သင့်သည့် နေရာဒေသများအ...
ပမာဏတို့ကို သုံးသပ်ဆော...
စက်မှုလုပ်ငန်းသည် အလ...
မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူ...
သာယာရေးနှင့် ဖွံ့ဖြိုးရေး...
အတွက် စက်ပစ္စည်းများ

ပျော့ဖတ်နှင့် စက္ကူစက်မှုလုပ်ငန်းသည် အလား...
ကုန်ကြမ်းဝါး စဉ်ဆက်မပြတ်ရရှိရေးအတွက် စီမံချက်ချမှတ်၍ ဝါးစ...

China Metallurgical ...
(MCC) မှ Vice Chairm...
အမှတ်တရလက်ဆောင်အဖြ...

ဆက်လက်၍ ဗိုလ်ချုပ်...
Mr. Shuchen Li က ...
ပေးအပ်သည်။

မှ...

ထို့နောက် ဗိုလ်ချုပ်မှူး...
Chairman နှင့် အဖွဲ့...
ရိုက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်...
တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီ...
အခြေအနေများကို လှည့်လ...

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ...
မည့် ဝါးကွင်းနှင့် ဝေန်မြစ်ကမ်...
ဆိပ်ခံတံတား တည်ဆောက်ပြ...
ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ...
တွင် ရဟတ်ယာဉ်များဖြင့် ပု...
စစ်ဌာနချုပ် ဒုတိယတိုင်းမှူး...
ကြိုဆိုကြသည်။

ကြိုဆို

အခမ်းအနားအပြီးတွင် ရဟတ်ယာဉ်များဖြင့် သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း(သာပေါင်း)သို့ ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဦးအောင်သောင်းက တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း(သာပေါင်း)ကို သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိပါကြောင်း။

စီမံကိန်းလုပ်ငန်းများကို ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ စက်ရုံတည်ဆောက်ရေးလုပ်ငန်း ၉၈ရာခိုင်နှုန်း၊ စက်တပ်ဆင်ရေးလုပ်ငန်း ၇၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ၂၀၀၄ခုနှစ် ဇူလိုင်လတွင် စက်စမ်းသပ်လည်ပတ်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းက စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ စီမံကိန်းတွင် ဆောက်လုပ်ရေးနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများ၏ အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်ချက်နှင့် ပြီးစီးမှုအခြေအနေများ၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရောက်ရှိရေးအတွက်လည်း သယ်ယူပို့ဆောင်ရေး အစီအမံများကို ကြိုတင်စဉ်းစားထားရန်လိုကြောင်း။

ဤစက်ရုံတည်ဆောက်မှု အတွေ့အကြုံများကို အခြေခံ၍ နောင်တည်ဆောက်သွားမည့် ပျော့ဖတ်နှင့် စက္ကူစက်ရုံများ၏ တည်ဆောက်သွား

ပု...

ထို့နောက် ဗိုလ်ချုပ်မှူး...
ပုသိမ်တံတား တည်ဆော...
ရှင်းလင်းဆောင်၌ ဆောက်လု...

သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)ကို တွေ့ရစဉ်။ (စက်မှု-၁)

သင့်သည့် နေရာဒေသများအပြင် တည်ဆောက်သွားသင့်သည့် စက်အင်အား ပမာဏတို့ကို သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျော့ဖတ်နှင့် စက္ကူ စက်မှုလုပ်ငန်းသည် အလားအလာရှိသည့် စက်မှုလုပ်ငန်းဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စက်ရုံ အတွက် စက်ပစ္စည်းများ တင်သွင်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ

အလားအလာရှိသည့် စက်မှုလုပ်ငန်းဖြစ်
မှတ်၍ ဝါးစိုက်ခင်း၊ သစ်စိုက်ခင်းများ စိုက်ပျိုးထူထောင်

China Metallurgical Construction (Group) Corporation (MCC) မှ Vice Chairman, Mr. Shuchen Li အား သစ်သီးခြင်းကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအတွက် Vice Chairman, Mr. Shuchen Li က အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပြန်လည် ပေးအပ်သည်။

မှတ်တမ်းဓာတ်ပုံရိုက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ MCC မှ Vice Chairman နှင့် အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း၏ တည်ဆောက်ပြီးစီးနေသော လုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကုန်ကြမ်းဝါးများ သိုလှောင်မည့် ဝါးကွင်းနှင့် ဝေန်မြစ်ကမ်းဘေး၌ တည်ဆောက်ထားသည့် ကုန်ပစ္စည်းတင် ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေး ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီ ၁၀မိနစ် တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့သို့ရောက်ရှိကြရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပုသိမ်တံတားစီမံကိန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဝေန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်း ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပုသိမ်တံတား တည်ဆောက်ရေး စီမံကိန်းဖြစ်ပေါ်ခဲ့မှု၊ တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပဏာမရှင်းလင်း တင်ပြသည်။

ဆက်လက်၍ တံတားကို တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၈)မှ ဒုတိယအင်ဂျင် နီယာမှူးကြီး ဦးခင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်နှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တံတားတည်ဆောက်ရေးလုပ်ငန်းများကို ခိုင်ခိုင်ခံ့ခံ့ဖြင့် အမြန်ဆုံး တည်ဆောက် ပြီးစီးအောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပုသိမ်တံတားနှင့် ဆက်စပ် အသုံးပြုမည့် ငွေဆောင်လမ်းနှင့် ချောင်းသာလမ်းများ အခြေပြမြေပုံကို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင် များအား ဝေန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ရေးစီမံကိန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တာဝန်ရှိသူ များက ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုပြီး ဆက်စပ်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သည် များကို ထပ်မံမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုသိမ် တံတား၏ ချဉ်းကပ်တံတားတိုင်နှင့် ကြိုးထိန်းခုံ တည်ဆောက်ပြီးစီးမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပုသိမ်တံတားသည် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်၌ တည်ရှိသည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်ကြိုးတံတားနှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ပေ ၂၁၄၀ ဖြစ်ပြီး ၂၈ ပေကျယ် ယာဉ်သွားလမ်းပါရှိမည့် တံတားဖြစ်သည်။ ယခု အခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုသိမ်တံတား တည်ဆောက် ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအပြီးတွင် ပုသိမ်မြို့ ကမ်းနားနှင့် ကမ်းနားလမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့ တန် ၂၀၀ ပျော့ဖတ်စက်ရုံ စီမံကိန်း(သာပေါင်း)တွင် စက်ပစ္စည်း များတင်သွင်းသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China Metallurgical Construction (Group) Corporation (MCC) မှ Vice Chairman, Mr. Shuchen Li အား သစ်သီးခြင်း အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်စဉ်။
(သတင်းစဉ်)

ပဲခူးတိုင်း မင်းလှမြို့ အထက ကျောင်းသားဟောင်းများ (၁၈)ကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် မေ ၁

ပဲခူးတိုင်း မင်းလှမြို့ အထက်တန်း ကျောင်းသား၊ ကျောင်းသူဟောင်း များ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနှစ်ဆန်း တစ်ရက် (မေ ၁၇ ရက်) နံနက်ဂနာရီတွင် အထကမြို့တွင်း သပြေဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့တွင် ဦးတင်အောင် ဖုန်း-၂၅၆၉၀၈၊ ၅၂၆၇၃၅၊ ဦးသန်းစိုး ဖုန်း-၃၇၆၆၈၅၊ ၅၃၄၇၃၆၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဗိုလ်ကြီးမြင့်အောင်(ငြိမ်း) ဖုန်း- ၆၉၀၀၆၂နှင့် မင်းလှမြို့တွင် ဦးကြင်စိုး၊ ဒေါက်တာသန်းလွင်၊ ဒေါ်စမ်းမော်ချို တို့ထံ ပေးပို့လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ပုပ္ပား(၂) မိုးကုတ်ဝိပဿ
သင်္ကြန် ၁၀ရက် တရားစ

ရန်ကုန် မေ ၁

မြောက်ဥက္ကလာပမြို့နယ် (
ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပ
ဓမ္မရိပ်သာကျောင်းတွင် လစဉ်
စခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ
(၁၂)ကြိမ်မြောက် တရားစခန်
လည်း ပုပ္ပား(၂) မိုးကုတ်ဝိပ
ဓမ္မရိပ်သာ ဆရာတော်
သောဘန (ဓမ္မာစရိယ)၊ ပန်းခ
ကြီး ဦးလွန်းကြွယ်နှင့် ပု
မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ
တော် ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ
ဓမ္မာစရိယ)တို့က ကျေးဇူး
မိုးကုတ်ဆရာတော်ကြီး၏ဥပနိ
အတိုင်း ခန္ဓာဉာဏ် သစ္စာဆိုက်
ဟောကြားပြသမည်ဖြစ်ရာ
များအနေဖြင့် မေ ၇ရက် (ဗုဒ္ဓ
ညနေ အရောက်လာရောက်ကြ
လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆
သို့ဖြစ်စေ စာရင်းပေးသွင်းနိုင်
သိရသည်။ (

မြန်မာ့ရုပ်မြင်သံကြ
အစီအစဉ်

၂-၄-၂၀၀၄ (သောကြာ

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓေ အဂ္ဂမဟာသဒ္ဓ ဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီ ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစိ
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနယ
၈:၁၀	၇။	အဆိုပြိုင်ပွဲ
၈:၂၀	၈။	ဖောင်းကတောရေလှော
၈:၃၀	၉။	International New
၈:၄၅	၁၀။	English for Every Use.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင် ထက်မြက်ရေးတေး
၄:၃၀	၃။	Practice in Rea
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသို ပညာရေး ရုပ်မြင်သံ သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅	၆။	ပြည်ထောင်စုတိုင်းရ ရိုးရာတေးသံသာ
၅:၃၀	၇။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၄၀	၈။	နှောင်းခေတ်တေးပ
၅:၅၀	၉။	Discovery.
၆:၀၅	၁၀။	ရွှေတိဂုံစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား (၅-၄-၁၉၉၉)
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအ
၇:၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်း "မိုးနတ်မယ်" (အပိုင်း-၁၂)**
၇:၄၅	၁၄။	စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာယဉ်ကျေ မဟာသင်္ကြန်ပွဲတော်
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသအခြေအ
	၁၈။	**မြန်မာဗီဒီယိုဇာတ်လ "အမြင့်ချင်ဆုံးအရာ (အပိုင်း-၂) (လူမင်း၊မျိုးသန္တာထွ (ဒါရိုက်တာ-သန်း**
	၁၉။	နောက်တစ်နေ့အစီအ
	၂၀။	အစီအစဉ်ပြီး၏။

လယ်တီစံ သာသနာ့ရိပ်သာ တရားစခန်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် တန်ခူးလပြည့်ကျော် ၅ရက်မှ တန်ခူးလကွယ်နေ့အထိ သင်္ကြန်တွင်း ၁၀ရက်တရားစခန်းပွဲတွင် မဟာစည်နာယက ဆရာတော်ကြီးများက တရားဓမ္မ ဟောကြားချီးမြှင့်မည်ဖြစ်ရာ အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုရည်လှူဒါန်းလိုသူ ကုသိုလ်ရှင်များသည်ရိပ်သာ ဖုန်း-၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး၊ ပြည့်အကျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang **အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာဉ်သီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang နှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra လည်းတက်ရောက်သည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာဉ်သီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang **အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာဉ်သီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဧပြီ ၁

တရုတ်-မြန်မာနှစ်နိုင်ငံ သတင်းလောကအကြား အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန်၊ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖလှယ်ရေးကို အားဖြည့်ပေးရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ အဖွဲ့ဝင် Mr. Liu Zhanmian ခေါင်းဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ရက်သတ္တတစ်ပတ်ကြာ လှည့်လည်လေ့လာရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း)ဦးလှထွန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာ အယ်ဒီတာအဖွဲ့ အဖွဲ့ဝင် Mr. Liu Zhanmian **ခေါင်းဆောင်သော အဖွဲ့ဝင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်၊ တိုက်နယ်နှင့် ကျေးလက်ဆေးရုံများ စစ်ဆေး

ရန်ကုန် ဧပြီ ၁

ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်အောင်ချိုသည် မတ် ၂၆ရက် မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့ ထမ္မရာဇ်မြို့ကွက်သစ်၌ တည်ဆောက်ထားသော မြောက်ဦးမြို့နယ် ခုတင်-၂၅လုံးဆံ့ ဆေးရုံသစ်သို့ ရောက်ရှိလာရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လှိုင်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးသည် လူနာဆောင်များ၊ ဆေးရုံအခန်းများ သုံးစွဲမှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ **(အပေါ်ဝဲပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးသည် ပုဏ္ဏားကျွန်း၊ ကျောက်တော်မြို့နယ်ဆေးရုံ၊ စစ်တွေ-မြောက်ဦးကားလမ်းတစ်လျှောက်ရှိ တိုက်နယ်ဆေးရုံများနှင့် ကျေးလက် ကျန်းမာရေးဌာနများ၊ မင်းပြားမြို့နယ် ဆေးရုံနှင့် မြောင်းဘွေတိုက်နယ် ဆေးရုံများသို့လည်း ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်(ဘတ်စ်ကား)များအား ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့် TAXI အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှု မရှိသေးကြောင်း တွေ့ရှိရပါသဖြင့် ယာဉ်တိုက်မှုမဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မညှာမတာ အရေးယူမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပို့ဆောင်ရေးဝန်ကြီးဌာန အလုံသင်္ဘောကျင်း

နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အလုံသင်္ဘောကျင်းဝင်းအတွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကိုစိုက်ပျိုးပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနား အပြီးတွင် ပြခန်းများကိုကြည့်ရှုစဉ်။ (သတင်းစဉ်)

တက်ရောက်

အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်း အစီအစဉ်များကို အလုံသင်္ဘောကျင်း ဝင်းအတွင်းရှိ အထိမ်းအမှတ်မုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့က အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ကံ့ကော်ပင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အလုံသင်္ဘောကျင်းပန်းခြံအတွင်း၌အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ပြည်တွင်းရေကြောင်း သွားလာမှုတွင် ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Waterways) ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ပြည်နယ်ရှိ ကစ္စပနဒီမြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် ကရင်ပြည်နယ်ရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့တွင် ခရီးလမ်းမိုင်ပေါင်း ၈၂၁၉ မိုင်ကို ရေယာဉ်အစင်းပေါင်း ၅၃၀ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက တစ်နေ့လျှင်ခရီးသည် ၆၇၀၀၀ဦးနှင့် ကုန်တန်၁၂၀၀၀ တန် တစ်နှစ်လျှင် ခရီးသည် ၂၅ သန်းခန့် တစ်နည်းအားဖြင့်မြန်မာနိုင်ငံ လူဦးရေ၏တစ်ဝက်နီးပါးခန့်နှင့် ကုန်တန်ချိန် ၄ဒသမ၂သန်းခန့်ကို နေ့စဉ်အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးလျက် ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကျယ်ပြန့်လှသော ပြည်တွင်းပြည်ပရေကြောင်းသွားလာမှုကဏ္ဍတွင် ပို့ဆောင်ရေးဝန်ကြီးဌာနသည် "များများသယ်၊ မြန်မြန်ပို့၊ ပြည်သူစိတ်ချမ်းသာဖို့" ဟူသော ဆောင်ပုဒ်နှင့်အညီ သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် ဌာနခုနစ်ခုရှိသည့်အနက် အင်ဂျင်နီယာဌာနသည်လည်း ဌာနတစ်ခုအဖြစ်ပါဝင်ပါကြောင်း၊ အင်ဂျင်နီယာဌာနအနေဖြင့် စက်ရှိ၊ စက်မဲ့ရေယာဉ်များနှင့် ဆိပ်ခံတွဲများကို ရေယာဉ်ကြံ့ခိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်ကြံ့ခိုင်စေရန် ရေယာဉ်ဟောင်းများကို အောက်ခြေသိမ်း ပြန်လည်ပြင်ဆင်ခြင်း၊ ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ နှစ်ပတ်လည်ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ်ကျင်းတင်ပြင်ဆင်ခြင်း၊ ရေယာဉ်များ၏ စက်များ၊ ဂီယာများကို အောက်ခြေသိမ်းပြင်ဆင်ခြင်း၊ လိုအပ်ချက်နှင့်အညီ စက်သစ်တပ်ဆင်ရန်စသည့် လုပ်ငန်းများကို နှစ်စဉ် ဘဏ္ဍာငွေခွင့်ပြုချက်အပေါ် မူတည်၍ သက်ဆိုင်ရာလုပ်ငန်း၊ ဆက်နွယ်သည့်ဌာနများနှင့် ညှိနှိုင်းကာ စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန၏ အလုံသင်္ဘောကျင်းကြီးသည် ယနေ့ ၂၀၀၄ ခုနှစ် ဧပြီ ၁ ရက်တွင် နှစ်(၁၀၀)ပြည့်ပြီဖြစ်၍ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး သမိုင်းအစဉ်အလာအရ ထူးခြားမှုတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့် ကျင်းပရသည့် ရည်ရွယ်ချက်မှာ (၁) အလုံသင်္ဘောကျင်း၏ နှစ်(၁၀၀)အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစွမ်းဆောင်မှုများကို မှတ်တမ်းတင်ရန်၊ (၂)အလုံသင်္ဘောကျင်းတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော လုပ်သားကြီးများအား မှတ်တမ်းတင်ဂုဏ်ပြုရန်၊ (၃) ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် အလုံသင်္ဘောကျင်း၏ ကြီးမားသော သမိုင်းအစဉ်အလာကို လက်ဆင့်ကမ်းထိန်းသိမ်း၍ ဌာနချစ်စိတ်ဖြင့် လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

အလုံသင်္ဘောကျင်းသည် မြေဧရိယာအားဖြင့် ၂၈ ဒသမ ၆ ဧက ကျယ်ဝန်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဒုတိယအကြီးဆုံးသင်္ဘောကျင်းကြီးဖြစ်ပြီး ကျင်းလမ်းခြောက်ခုဖြင့် ရေယာဉ် ၁၅ စင်းကို တစ်ပြိုင်နက် ကျင်းတင်ပြုပြင်ပေးနိုင်ပါကြောင်း၊အလုံသင်္ဘောကျင်းသည် ရေယာဉ်သစ်များ၊ ကုန်တင်တွဲယာဉ်များကို တည်ဆောက်ပေးခြင်းအပြင် နိုင်ငံတော်၏လိုအပ်ချက်အရ ၁၉၈၆ ခုနှစ်က မီးရထားကုန်တင်တွဲ၅၁တွဲတို့ကို ပြုပြင်ပေးခြင်း၊ အထက်တန်းတွဲ ခြောက်တွဲအသစ်တည်ဆောက်ခြင်း၊ ရထားတွဲဆိုင်ရာ ပစ္စည်းငါးမျိုး၏ အရေအတွက်၁၄၃၉ခုကိုလည်း ထုတ်လုပ် တပ်ဆင်ပေးနိုင်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာတွင် အလုံသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းခြောက်ကျင်းအနက် တစ်ကျင်းဖြစ်ကြောင်း၊ ၁၉၀၄ခုနှစ်တွင် အလုံသင်္ဘောကျင်းကို ဧရာဝတီဖလိုတီလာ ကုမ္ပဏီလီမိတက်က သင်္ဘောကျင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်ဖောင်ဒရီ အမည်ဖြင့် ကနဦးမှည့်ခေါ်ခဲ့ကာ သံရည်ကျိုခြင်း၊ ကြေးရည်ကျိုခြင်း လုပ်ငန်းများကို အဓိကထား လုပ်ကိုင်ခဲ့ကြောင်းကို မှတ်တမ်းများအရ သိရှိခဲ့ရကြောင်း၊ ၎င်းလုပ်ငန်းများနှင့်အတူ သင်္ဘောကျင်းလမ်း လေးခုတည်ဆောက်ပြီး တန် ၁၀၀ခန့်ရေယာဉ်များ ကျင်းတင်ခြင်းလုပ်ငန်းကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုအချိန်မှစ၍"အလုံသင်္ဘောကျင်း"သန္ဓေတည်မွေးဖွားလာခဲ့ကြောင်းကို မှတ်တမ်းများအရတွေ့ရှိရကြောင်း၊ ၁၉၄၈ခုနှစ် ဇွန်၁ရက်နေ့တွင် နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခုဖြစ်လာခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ရန်ကုန်ဖောင်ဒရီအမည်မှ "အလုံသင်္ဘောကျင်း"ဟု အမည်ပြောင်းလာခဲ့ကြောင်း။

ယနေ့ဆိုလျှင် အလုံသင်္ဘောကျင်းသည်နှစ်ပေါင်း (၁၀၀)ပြည့်မြောက်ခဲ့ပြီး ရှည်လျားလှသည့် သမိုင်းကြောင်းနှင့်အတူ ရေယာဉ်သစ်များ တည်ဆောက်ပေးခြင်း၊ ရေယာဉ်ဟောင်းများ ပြုပြင်ပေးခြင်း၊ အင်ဂျင်နီယာအတတ်ပညာပိုင်းဆိုင်ရာ လိုအပ်ချက်အရ ဆောင်ရွက်ပေးခဲ့ခြင်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ခြင်းများကို တွေ့မြင်ခဲ့ရပြီးဖြစ်ကြောင်း၊ ၁၉၆၂ခုနှစ်မှ ယနေ့ထိ ရေယာဉ်သစ် ၄၀စင်းတို့ကို တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ တစ်နှစ်လျှင် ရေယာဉ်များ အကြီးစားပြင်ဆင်ခြင်း ပျမ်းမျှ၅၈စင်း၊ အသေးစားပြင်ဆင်ခြင်း ပျမ်းမျှ ၁၈၂စင်းတို့ကို ပြုပြင်ပေးနိုင်ခဲ့ကြောင်း၊ ဤကဲ့သို့ ရေယာဉ်သစ်များ တည်ဆောက်ပေးခြင်း၊ရေယာဉ်ဟောင်းများ ပြုပြင်ပေးခြင်း၊ အခြားအင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး အစဉ်အလာကောင်းများ ဆောင်ရွက်ခဲ့ကြသည့်အလုံသင်္ဘောကျင်းဝန်ထမ်းဟောင်းကြီးများ၊လက်ရှိဆောင်ရွက်ဆဲ ဝန်ထမ်းများအား ဤနေရာမှနေ၍ ဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် လမ်းများ၊ တံတားကြီးများ၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံစိတ်ချ မြန်ဆန်စေရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးများ အလွန်တိုးတက်လာနေပြီဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်တစ်ခွင်၌ဆိုလျှင် ယခင်ကမရှိခဲ့ဘူးသော တံတားသစ်ကြီးများ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မြစ်ဝကျွန်းပေါ်ရှိနေရာအနှံ့ကို ကားလမ်းများဖြင့် လွယ်ကူစွာသွားလာနိုင်ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ကုန်တန်ချိန်များပြီး ဝန်ကျယ်သောကုန်ပစ္စည်းများကို စရိတ်စကသက်သာစွာဖြင့် သယ်ဆောင်ပေးနိုင်သည့် ရေကြောင်း ပို့ဆောင်ရေးသည် ဆက်လက်အရေးပါမည်ဖြစ်သကဲ့သို့ ရေယာဉ်များပြင်ဆင်သည့် သင်္ဘောကျင်းများအနေဖြင့်လည်း ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းခွင်တွင် အကြီးဆုံး နိုင်ငံပိုင်ပို့ဆောင်ရေး လုပ်ငန်းတစ်ခုဖြစ်ပြီး စက်ရှိရေယာဉ်၃၃၁စင်း၊ စက်မဲ့တွဲ ၁၅၈စင်း၊ ဆိပ်ခံ ၄၀စင်း စုစုပေါင်း ရေယာဉ် ၅၂၉စင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၎င်းရေယာဉ်များ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုများသည်သင်္ဘောကျင်းများ၏ ပြင်ဆင်တည်ဆောက်ပေးမှုများပေါ်တွင်မူတည်လျက်ရှိကြောင်း။

ထို့ကြောင့် ရေယာဉ်များလုံခြုံစိတ်ချမှုနှင့် ကြံ့ခိုင်မှုရှိစေရေးအတွက် အလုံသင်္ဘောကျင်းအပါအဝင် သင်္ဘောကျင်းများအားလုံးအနေဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းကို တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ရှည်လျားလှသည့် သမိုင်းကြောင်းနှင့်အတူ အစဉ်အလာကောင်းခဲ့သော အလုံသင်္ဘောကျင်းအနေဖြင့် ကောင်းသောအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်အကျိုး၊ ပြည်သူများ၏အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

အထိမ်းအမှတ်ပေးအပ်

ထို့နောက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒလမြို့ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ မြို့ရေပေးဝေရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီတွင် ဒလမြို့သို့ ရေယာဉ်ဖြင့် ရောက်ရှိကြရာ ဒလမြို့ဆိပ်ကမ်း၌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဒလမြို့ဗညားဒလ ရပ်ကွက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းရေး)၏ ဒလမြို့ ရေပေးဝေရေးစခန်းသို့ ရောက်ရှိကြရာ ရေပေးဝေရေးစခန်း၌ ဒလမြို့ ရေပေးဝေရေး အဖွဲ့ဥက္ကဋ္ဌ၊ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ဒလမြို့ရေပေးဝေရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဒလမြို့နယ်တွင်ရပ်ကွက် ၂၃ ရပ်ကွက်ရှိပြီး ယခု ရေပေးဝေနေမှုမှာ ရပ်ကွက် ၁၄ ရပ်ကွက်သို့ ရေတိုင်ပေါင်း ၁၂၁၈ တိုင်ဖြင့် ရေပေးဝေလျက်ရှိကြောင်း၊ ရေပေးဝေမှုမှာ ဒလမြို့မှ ၉ဒသမ ၈ မိုင်ဝေးသည့် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာ၌ ၁၂လက်မ စက်ရေတွင်းငါးတွင်းဖြင့် ရေကိုစုဆောင်းပြီး ပိုက်လိုင်းဖြင့် ဒလမြို့သို့ပေးပို့နေကြောင်း၊ ဒလမြို့ရေပေးဝေရေးစခန်းတွင် ဂါလံတစ်သိန်းဆံ့ရေကန်ကြီး တစ်ကန်၊ ဂါလံနှစ်သောင်းဆံ့အမြင့်ရေစင်တိုင်ကီတို့ဖြင့် ရေကိုဒလမြို့တွင်းရှိ ရပ်ကွက် ၁၄ ရပ်ကွက်သို့ ဖြန့်ဝေပေးနေကြောင်း၊ ရေပိုက်၊ ရေတိုင်များဆက်သွယ်ရန် ကျန်ရှိနေသေးသည့် ရပ်ကွက် ကိုးရပ်ကွက်သို့ ရေပိုက်၊ ရေတိုင်များဆက်လက်သွယ်တန်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မီးဘေးကာကွယ်ရေး

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒလမြို့ရေပေးဝေရေးဆိုင်ရာများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ အတွင်းရေးမှူး(၂)က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ဒလမြို့ ရေပေးဝေရာတွင် လက်ရှိရပ်ကွက် ၂၃ ရပ်ကွက်ကို ရေပေးဝေမှုစနစ်များ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားကြရေး၊ ရေဖြန့်ဖြူးမှု အဆင်ပြေရန်အတွက် ဆက်နွယ်နေသောဌာနများက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားကြရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများကို စနစ်တကျ အလေးထားဆောင်ရွက်သွားကြရေး မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းရေး) ဒလမြို့ရေပေးဝေရေးစခန်း စက်ရေတွင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက စက်ရေတွင်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရေစုကန်နှင့်ရေစက်များ၊ စက်ရေတွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေတင်၊ရေပို့လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၁ မှ

သိန်းစိန်အား အလုံသဘော်ကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပစ္စည်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အလုံသဘော်ကျင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည်ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေ ၆ နာရီတွင် ဒလမြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသဘော်ကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဒလသဘော်ကျင်းရှိတွင် စက်ရုံ၌ သဘော်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့်သဘော်ကျင်းအတွင်း ပြုပြင်တည်ဆောက်နေသော တန် ၅၀၀ ကုန်တင်ရေယာဉ်နှင့် အမြန်ရေယာဉ် အပါအဝင် ရေယာဉ်တည်ဆောက် ပြုပြင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားကာ ဒလသဘော်ကျင်းမှ ပြန်လည်ထွက်ခွာသွားသည်။

အကြီးဆုံးသဘော်ကျင်း

ဒလသဘော်ကျင်းသည် ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ ဒလမြို့တွင်တည်ရှိပြီး ဧက ၃၀ ကျယ်ဝန်းသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိသဘော်ကျင်းများအနက် အကြီးဆုံးသဘော်ကျင်းဖြစ်ပြီး ရေလုံကျင်းအပါအဝင် လွန်းကျင်းပေါင်း ၁၄ ကျင်းရှိကာ တန်ချိန်အားဖြင့် တန် ၁၄၀၀ တင်နိုင်သည်။ တစ်ကြိမ်လျှင်ရေယာဉ် ၁၈စင်း တစ်ပြိုင်တည်း ကျင်းတင်ပြင်ဆင်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာရှိ ဒလမြို့ရေပေးဝေရေးစခန်း စက်ရေတွင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ(၁၂၅)တွင် ပဓာနနာယကအဖွဲ့ချုပ် ဓမ္မကထိက ဆရာတော်ဘဒ္ဒန္တပရမက ကြီးမှူး၍ ကမ္မဋ္ဌာနာစရိယ အရှင်ဥတ္တရဝံသ(သာသနဓဇ သိရီပဝရဓမ္မာစရိယ/မြန်အောင်)နှင့် ဆရာကြီး ဦးကျော်မင်း၊ ဆရာကြီး ဒေါ်ဝိစ္ဆာသိင်္ဂီတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဟောပြောပြသမည်ဖြစ်ရာ ယောဂီများ ဧပြီ ၁၀ ရက် အရောက်လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်အကြို "သင်္ကြန်ဝေးဝေး" ဇာတ်ကားသစ် ရုံတင်ပြသ

ရုပ်ရှင်

ရန်ကုန် ဧပြီ ၁

ယခုသောကြာပတ်တွင် စိန်ငွေရုပ်ရှင်မှ မိုးအိမ်သစ်၏ဇာတ်လမ်းကို မင်းခိုက်စိုးစံ ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးသော **သင်္ကြန်ဝေးဝေး**ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသနေသည်။

သင်္ကြန်ဖြူ၊ ထူးမော်၊ ခိုင်မြဲတို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို တန်ခူးလ ပန်းပိတောက်နှင့် သင်္ကြန်ရှုခင်းကို နောက်ခံထားရိုက်ကူးထားသော မေတ္တာဖွဲ့ဇာတ်လမ်းဖြစ်သည်။ လွင်မိုး၊ ခန့်စည်သူနှင့် အိန္ဒြာကျော်ဇင် တို့ သရုပ်ဆောင်ပါဝင်ကြသည်။

ဟာသဇာတ်ကား

ဆက်လက်၍ ချစ်သူရုပ်ရှင်မှ ဒါရိုက်တာကိုအောင်မင်းသိမ်း ရိုက်ကူး၍ ကျော်ရဲအောင်၊ ဇာဂနာ၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ မေသဉ္ဇာဦးတို့ သရုပ်ဆောင်သည့် **ပေါ့ပေါ့ပါးပါးပြုံး** ဟာသဇာတ်ကား ရွှေဆောင်နှင့် နေပြည်တော်ရုံများတွင် ပြသနေသည်။

အဆင့်မြင့်ဗီဒီယို

ရွှေဂုန်ရုံတွင် မိုးကုပ်စက်ဝိုင်းဗီဒီယိုမှ ဒါရိုက်တာမင်းထင်ကိုကိုကြီး ရိုက်ကူး၍ ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်တို့ သရုပ်ဆောင်သော မောင်ရာဇာနေဝင်း (ကလုံး) အဆင့်မြင့်ဗီဒီယိုဇာတ်ကား ပြသနေသည်။

မြို့မရုံတွင် Deewangee အမည်ရှိ အိန္ဒိယဇာတ်ကား တင်ဆက်ပြသသည်။ အာဂျေး၊ အရှစ်ခန်နာ၊ အူမီလာ တို့ပါဝင်သရုပ်ဆောင်ထားသော အချစ်နှင့် အက်ရှင်ဇာတ်ကားဖြစ်သည်။

ဘုရင်ရုံ

ဘုရင်ရုံတွင် Aashiq အမည်ရှိ အိန္ဒိယအချစ်နှင့် ဇာတ်ကြမ်းဇာတ်ကား ရုံတင်ပြသနေသည်။ ဘော်ဘီဒေါ၊ ကရစ်ကမာကပူးတို့၏ သရုပ်ဆောင်ချက်များကို စိတ်ဝင်စားဖွယ် တင်ပြထားသည်။

ဆုထူးပန်

ဆုထူးပန်ရုံတွင် Devdas အမည်ရှိ အိန္ဒိယအက်ရှင်ဇာတ်ကား ရုံတင်ပြသနေသည်။ ရှရွတ်ခန်၊ အရှိုက်ဝါရာရိုင်းနှင့် မာသူရီဒူးဆစ်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ (ကြေးမုံ)

"ပေါ့ပေါ့ပါးပါးပြုံး" ဟာသဇာတ်ကားမှ ကျော်ရဲအောင်၊ နန္ဒာလှိုင်နှင့် အိန္ဒြာကျော်ဇင်။

သင်္ကြန်ဝေးဝေး ဇာတ်ကားသစ်မှ လွင်မိုး၊ အိန္ဒြာကျော်ဇင်နှင့် ခန့်စည်သူတို့၏ သရုပ်ဆောင်ဟန်။

Deewangee အိန္ဒိယ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ကွက်။

အောင်ဘာလေ ကံထူးရှင်များ ရွေးချယ်

ရန်ကုန် ဧပြီ ၁

(၁၈၃)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့်ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၃၀၀)အထူးဆု

သ-၈၉၈၄၅၅

ကျပ်သိန်း၅၀ဆုများ

န-၆၀၂၀၃၉
ဓ-၆၁၆၇၆၈
ကက-၉၆၅၇၅၀
ရ-၄၈၂၉၇၅
ဖ-၈၄၄၈၄၅
န-၁၆၅၇၅၉
န-၁၀၆၇၀၃
ဏ-၇၇၁၈၀၃
သ-၇၀၀၃၅၂
ကခ-၅၀၀၉၃၉

ကျပ်၂၅သိန်းဆုများ

ဘ-၆၉၀၅၄၁
ဖ-၇၁၁၅၃၅
က-၃၄၆၅၆၆
ကဂ-၂၁၁၆၁၅
ဆ-၅၉၄၁၀၄
ဃ-၉၇၂၅၃၁
တ-၈၃၀၆၃၀
ယ-၁၅၉၁၆၃
ဘ-၄၇၁၇၄၇
ကက-၈၂၆၃၈၆
ဘ-၈၀၀၃၄၃
ရ-၃၂၇၁၃၈

ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)

န-၃၁၈၇၆၄
ခ-၇၇၃၂၅၅
တ-၄၁၁၅၆၅
ဂ-၂၇၈၈၀၆
ဋ-၉၀၇၆၂၄
ဓ-၄၂၇၄၄၀
ဃ-၅၈၇၃၇၇
န-၃၂၈၅၆၅
ဋ-၁၀၂၂၄၇
သ-၅၆၇၆၇၈
ဝ-၅၂၅၄၇၃
ဃ-၂၈၂၃၀၁
ဗ-၂၇၀၄၈၅
ပ-၅၅၄၃၉၈
ဈ-၈၁၉၃၃၄
ကခ-၁၂၈၄၆၇
စ-၂၀၇၉၈၉
ဘ-၃၀၄၄၇၇
ဂ-၇၅၀၂၅၄

အတာသင်္ကြန်ပွဲတော်တွင် ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်သီဆိုဖျော်ဖြေရေး ရှင်းလင်းပြောကြား

ရန်ကုန် ဧပြီ ၁

၂၀၀၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကြီးတွင် စင်တင်တေးဂီတဖျော်ဖြေပွဲများ၌ ပါဝင်ဖျော်ဖြေရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင် အနုပညာရှင်များအား ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံဂီတအစည်းအရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံဂီတ အစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်၊ ဒုတိယဥက္ကဋ္ဌ ဟသ်ာတဦးမြင့်ငွေနှင့်အမှုဆောင်များ၊ အတာသင်္ကြန်ပွဲတော် စင်တင်တေးဂီတဖျော်ဖြေပွဲများ၌ ပါဝင်ဖျော်ဖြေကြမည့် တီးဝိုင်းမန်နေဂျာများ၊ တီးဝိုင်းအဖွဲ့ခေါင်းဆောင်များနှင့် တေးသံရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးဒုတိယဥက္ကဋ္ဌ ဟသ်ာတဦးမြင့်ငွေက အစည်းအဝေးခေါ်ယူရခြင်း အကြောင်းကို ပဏာမရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** အစည်းအရုံးဥက္ကဋ္ဌ အကော်ဒီယံဦးအုန်းကျော်က အတာသင်္ကြန်ပွဲတော် စင်တင်တေးဂီတဖျော်ဖြေပွဲများ၌ပါဝင်ဖျော်ဖြေကြမည့် ဂီတအနုပညာရှင်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်သီဆိုဖျော်ဖြေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ချမှတ်ထားသည့် စည်းကမ်းချက်များအပေါ် စံနမူနာပြပုဂ္ဂိုလ်များအဖြစ် လိုက်နာစောင့်ထိန်းကြရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လေပြင်းတိုက်ခိုက်မည့် သတိပေးချက် ထုတ်ပြန်

ရန်ကုန် ဧပြီ ၁

ဧပြီလဆန်းမှစ၍ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအထိ မြန်မာနိုင်ငံအရပ်ရပ်တို့တွင် မွန်းလွဲ/ ညနေပိုင်းနှင့် ညပိုင်းတို့၌ တစ်ခါတစ်ရံ နေရာကွက်၍ မိုးထစ်ချုန်းရွာပြီး မိုးသက်လေပြင်းများကျရောက်နိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ဆွေးနွေးမှာကြား

မတ် ၃၁ ရက်က ၁၃၆၅ခုနှစ်၊ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေးကော်မတီ၏ လုပ်ငန်းအစည်းအဝေးကိုမြို့တော်ခန်းမအစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းက လုပ်ငန်းစီမံချက်ပါ ရည်ရွယ်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းဆွေးနွေးမှာကြားစဉ်။ (၁၉)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်
၂။ ကစားသူ ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

သတိပြုရန်

၁။ **မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်**
(က) **မူးယစ်သောက်စား ယာဉ်မမောင်းရ။**
(ခ) **အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင် မမောင်းရ၊ လုမမောင်းရ။**
(ဂ) **မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။**
(ဃ) **ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။**
(င) **ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။**
(စ) **ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။**
(ဆ) **ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။**
(ဇ) **ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။**
(ဈ) **နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။**
(ည) **ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။**

၂။ **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**
၃။ **“သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်”**

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ မြန်မာသင်္ကြန်
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန် ဂီတသံ
၄း၂၀ ၄။ မြန်မာသင်္ကြန်
၄း၃၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Sampling Distribution (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဘဏ်ကျယ်လေး” (အပိုင်း-၄)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင်၊ မေတ္တာတရား” (အပိုင်း-၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ထားဝယ်မြို့ဆိပ်ကမ်းသာယာလှပရေးလုပ်ငန်းများကို မတ် ၂၀ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့်အဖွဲ့က စစ်ဆေးရာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကြည်သန်းက ရှင်းလင်းတင်ပြစဉ်။ (က-ပ)

မဟာသင်္ကြန်ရက်များတွင် စက်သုံးဆီဆိုင်များ ဖွင့်မည်

ရန်ကုန် ဧပြီ ၁

စွမ်းအင်ဝန်ကြီး ဌာန မြန်မာ့ ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း က ရန်ကုန်တိုင်းအတွင်း ရှိ စက်သုံးဆီ အရောင်းဆိုင်များကို မဟာသင်္ကြန် ရုံးပိတ်ရက်များ အတွင်း ပုံမှန်ဖွင့်လှစ် ရောင်းချမည်ဖြစ်သည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရဆရာတော်ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်မြို့ ဆင်စုရပ် သဒ္ဓမ္မဝံသ ထားဝယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာစာရ ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်ပွဲနှင့် (၇၅)နှစ်မြောက် မွေးနေ့အလှူတော်မင်္ဂလာပွဲကို ဧပြီ၂၅ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပပူဇော်မည်ဖြစ်၍ လှူဒါန်းပူဇော်လိုသူများသည် တိုက်အုပ်ဆရာတော် ဦးတေဇဝန္တ ဖုန်း၀၅၃-၂၄၃၇၈နှင့် ဦးစိုးမိုးနိုင်(အတွင်းရေးမှူး)ဖုန်း-၀၅၃-၂၄၉၆၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

သုံးဆယ်မြို့အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားဖိတ်ကြားခြင်း

သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရန်ရှိပါ၍ ကန်တော့ခံ အသက်(၇၅) နှစ်ပြည့် အသင်းဝင်နှင့် မိသားစုများ၊ ပညာရည်ချွန်ကျောင်းသား၊ ကျောင်းသူများနှင့်မိသားစုဝင်များ၊ အသင်းသူအသင်းသားများ၊ သုံးဆယ် နယ်သားများ၊ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

နေရာ - မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ (တပင်ရွှေထီးရုပ်ရှင်ရုံရှေ့)
နေ့စွဲ - ၃-၄-၂၀၀၄(စနေနေ့)
အချိန် - မွန်းတည့် ၁၂နာရီ။

အမှုဆောင်အဖွဲ့။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှစီစဉ်သည်။

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ စည်းကမ်းတကျကျင်းပမည်။

နေရာ။ သိမ်ဖြူကားအမောင်းသင်ကွင်းအတွင်း၊ ကန်ရိပ်သာလမ်းနှင့်ဗညားဒလလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

နေ့/အချိန်။ ၁၂-၄-၂၀၀၄၊ညနေ ၃နာရီ၊--နံ့သာသွေးပွဲ။
၁၃-၄-၂၀၀၄ နံနက် ၈နာရီ-- ဘုရားရေသပ္ပာယ်ပွဲနှင့် ရခိုင်ရိုးရာသင်္ကြန်ရေလောင်းပွဲ၊
၁၄-၁၅-၁၆-၄-၂၀၀၄၊ နံနက် ၈နာရီမှ ၁၁နာရီနှင့် မွန်းလွဲ၁နာရီမှ ၄နာရီ ရခိုင်ရိုးရာသင်္ကြန်ရေလောင်းပွဲ၊

ရေလောင်းမဏ္ဍပ် ဝင်လိုသူ အမျိုးသမီးများနှင့် စိတ်ပါဝင်စားသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ကြပါရန်။

ဒေါ်နုမြ ဖုန်း-၃၇၁၅၃၉၊ ဒေါ်စောခင်တင့် ဖုန်း-၇၀၉၇၈၅၊ ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃၊ ဒေါ်မြမေ ဖုန်း-၂၄၉၉၁၄၊ ဦးသာအေး ဖုန်း-၀၉၈၀ ၂၃၃၈၆၊ ဦးဇော်အေးမောင် ဖုန်း-၂၉၈၁၅၄၊ ဦးလှမြင့် ဖုန်း-၆၈၁၈၂၆၊ ဦးမောင်စောလှ ဓညဝတီကျောင်း ဖုန်း-၃၇၉၈၉၈၊ ဒေါ်ခင်စောဝေ ဖုန်း-၂၈၉၇၄၅။

မဟာပဋ္ဌာန်းပွဲနှင့် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်း သုဓမ္မာတိုက်မဟာပဋ္ဌာန်းကျောင်း၌ ကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမဦးစီး၍ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၃ရက်မှ၇ရက်ထိ ငါးရက်ကျင်းပမည်ဖြစ်ပြီး မဟာပဋ္ဌာန်းဝိပဿနာခုနစ်ရက်တရားစခန်းကို မေ ၈ရက်မှ ၁၄ရက်ထိ ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်ရာ မေ ၂ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်) B.Tech ဒုတိယနှစ်သင်တန်းဖွင့်လှစ်ရန်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်များတွင် ၂၆-၁-၂၀၀၄ မှ ၆-၂-၂၀၀၄တွင် ကျင်းပခဲ့သော B.Tech ပထမနှစ်သင်တန်းအသီးသီး၏ စာမေးပွဲအောင်စာရင်းကို ၂၉-၃-၂၀၀၄နေ့တွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ B.Tech ဒုတိယနှစ်သင်တန်းများကို ၁-၄-၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့်ကွန်ပျူတာကျွမ်းကျင်မှု သင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ၁-၄-၂၀၀၄တွင် ဖွင့်လှစ်မည့် အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ၂၀၀၃ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်းစာမေးပွဲဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပထမ(၄)လသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ပါက ဒုတိယ(၄)လသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယ(၄)လသင်တန်းအောင်မြင်ပြီးဆုံးပါက အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းများသို့ တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်။

၃။ ပထမ(၄)လသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း၊ ဒုတိယ(၄)လသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း ကျွမ်းကျင်မှုလက်မှတ်အသီးသီးကို ချီးမြှင့်ပေးမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် စုံစမ်းနိုင်ပါသည်။

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၁

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို ဧပြီ ၃ ရက် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေးဖိတ်စာများနှင့် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကို အသင်းဝင်အသင်းသားများထံ ဖြန့်ဝေပေးပို့လျက်ရှိသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်ကိုယ်စားလှယ်များနှင့် အသင်းသားအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

MIT Software Promotions
Up to 70% Discounts
ကျပ်(၉၀၀၀၀) ဖြင့်

ဝန်ထမ်းအလိုရှိသည်
Singa Training LTD. Informatics Computer Centre Full Time Lecturer
(၁) M.C.Sc., M.C.Tech.(သို့) M.I.Sc. IT
(၂) Informatics Computer Centre
C.V.
Informatics Computer Centre
2nd Floor, Myay Ni Gone Plaza
Ph: 525971, 706740, 501450

99 နှစ်သစ်မဟာသင်္ကြန်အထူးလျှော့ဈေး
EXPORT FASHION
(EXPORT QUALITY MEN, LADIES AND KIDS WEAR)
(20-3-2004 → 11-4-2004) "Special Discount"
သင်္ကြန်အတွက် Short Pants, Quarter Pants Style မျိုးစုံ၊ T Shirt, Sport Shirt မျိုးစုံ၊ Big Men များအတွက် Special Quarter Pants မျိုးစုံ၊ ချည်သားစစ်စစ် Export Quality Shirt ဒီဇိုင်းမျိုးစုံကို အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။
K (50000/-) နှင့်အထက် ဝယ်ယူသူများကို အမြဲတမ်း (10%) Discount ပေးမည့် 99 Member Card များထုတ်ပေးနေပါသည်။
No. 15, Bargayar Road, Sanchaung Township, Yangon.
Ph : 510625 H.P : 09 - 50 - 16838

တစ်နေ့နှစ်ကြိမ်ဆိုတာ....ဘာလဲ? လို့ မေးနေကြတဲ့သူများရော
တစ်နေ့နှစ်ကြိမ် VCD Karaoke
ဘယ်တော့ထွက်မလဲ? လို့ မေးနေကြတဲ့
ပရိသတ်ကြီးအတွက်....
သီချင်းများကို
ဇာတ်လမ်းကြီးတစ်ပုဒ်သဖွယ်
ဖန်တီးထားသည်
တစ်နေ့ နှစ်ကြိမ်
၃-၄-၂၀၀၄ရက်နေ့
ထွက်ပြီ

မြတ်သန္တာ
မြစ်တွင်းအပျော်စီးရေယာဉ်နှင့်ရေပေါ်စားဦးယျာဉ်



သင်္ကြန်ပိတ်ရက် စနေ (၃-၄-၀၄)၊ တနင်္ဂနွေ (၄-၄-၀၄)လူကြီးမင်းတို့ရဲ့ အားလပ်ရက်ကို ဘယ်လိုအသုံးချမှာလဲ? ပျော်ရွှင်ဖွယ်ကောင်းတဲ့နေ့ရက်ရဲ့ အိုအေစစ်ဖြစ်တဲ့ မြတ်သန္တာနဲ့လိုက်ပါပြီး ညနေခင်း နေဝင်ဆည်းဆာအလှ၊ အေးမြတဲ့လေပြည်၊ သင်္ဘောနဲ့အတူလိုက်ပါလာမယ့် ဇင်ယော်လေးတွေ၊ ရသာမွန်ဟင်းလျာ အကင်မျိုးစုံ ထူးခြားဆန်းသစ်တဲ့ ဖျော်ဖြေမှုအစုံအလင်ကိုခံစားကြရအောင်။ သင်္ဘောထွက်ချိန် ၅း၄၅ မှ ၈း၀၀ နာရီ၊
(ကျန်နေ့ရက်အချိန်များတွင်လည်း ဖျော်ဖြေမှုအစီအစဉ်များစွာနှင့် ရေပေါ်စားဦးယျာဉ်အဖြစ် နေ့စဉ်ဖွင့်လှစ်ထားပါသည်။)
ဆက်သွယ်ရန် အမှတ် (၂)၊ စဉ့်အိုးတန်းဆိပ်ခံတံတား၊ ဆိပ်ကမ်းမြို့နယ်။ ဖုန်း - ၂၈၇၆၉၁၊ ၅၄၅၆၁၃၊ ၂၂၂၂၄၁၊ ၇၀၆၀၁၀၊ ၀၉ ၈၀ ၃၃၉၈၁၊ ၀၉ ၈၀ ၂၀၀၃၇၊ ၀၉ ၅၀ ၁၅၃၅၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့်ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ အတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ၁-၄-၂၀၀၄တွင် ဖွင့်လှစ်မည့် အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ၂၀၀၃ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်းစာမေးပွဲ ဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ ပထမ(၄)လသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ပါက ဒုတိယ(၄)လသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယ(၄)လသင်တန်းအောင်မြင်ပြီးဆုံးပါက အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းများသို့ တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်။

၃။ ပထမ(၄)လသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း၊ ဒုတိယ(၄)လသင်တန်းအောင်မြင်ပြီးလျှင်လည်းကောင်း ကျွမ်းကျင်မှုလက်မှတ်အသီးသီးကို ချီးမြှင့်ပေးမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရကွန်ပျူတာကောလိပ်များတွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)

B.Tech ဒုတိယနှစ်သင်တန်းဖွင့်လှစ်ရန်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်များတွင် ၂၆-၁-၂၀၀၄ မှ ၆-၂-၂၀၀၄တွင် ကျင်းပခဲ့သော B.Tech ပထမနှစ်သင်တန်းအသီးသီး၏ စာမေးပွဲအောင်စာရင်းကို ၂၉-၃-၂၀၀၄နေ့တွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ B.Tech ဒုတိယနှစ်သင်တန်းများကို ၁-၄-၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

မော်တော်ယာဉ်ငှားရမ်းခြင်းဆိုင်ရာတင်ဒါခေါ်ယူခြင်း

တစ်နိုင်ငံလုံးရှိ ဆေးရုံများသို့ ဆေးပစ္စည်းများ ပို့ဆောင်နိုင်ရန် မော်တော်ယာဉ် ငှားရမ်းလိုပါသဖြင့် (က)စီးလုံးငှားစနစ်၊ (ခ)လုံးကောက်စနစ်တို့ဖြင့် ဈေးနှုန်းလွှာ ဖိတ်ခေါ်ပါသည်။

တင်ဒါပေးသွင်းသူတို့သည် ဈေးနှုန်းလွှာများကို ဗဟိုဆေးသိုလှောင်ရေးဌာန၊ အမှတ်-၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ပေးပို့နိုင်ပါသည်။ တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများကို ငွေစာရင်းဌာနစိတ်တွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံစတင်လက်ခံမည့်ရက် – ၂၀-၄-၂၀၀၄

တင်ဒါပိတ်ရက် – ၂၇-၄-၂၀၀၄ (ညနေ-၄:၃၀)နာရီ

ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)
ဗဟိုဆေးသိုလှောင်ရေးဌာန
ရန်ကုန်။

၂၀၀၄ခုနှစ်၊ ဧပြီလ (၁)ရက်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်ကျင်မြ+၅	၁၂/ဗဟန(နိုင်)၀၄၂၂၃၀	၁၀၊ အရှေ့ရွှေဂုံတိုင်လမ်း ဗဟန်း	ဗဟန်း	၃၅ CG	၉၃၀	ဒေါ်ကျင်မြ+၁	မြေပုံကူး
၂။	ဦးအောင်ထွန်းဝင်း	၁၄/ဟသတ(နိုင်)၀၀၂၈၅၃	၈၀၊အောင်မိုးသာလမ်း ၂၈-ရပ်ကွက်ဒဂုံမြောက်	ဒဂုံမြောက်	၂၈	၈၀	ဦးထွန်းရီ(ခ)ဦးရီ	အမည်ပြောင်း
၃။	ဒေါ်ဝင်းသီရိစိုး	၁၂/ဥကတ(နိုင်)၀၀၀၉၇၅	၁၀၃၆၊သင်းဝင်(၅)လမ်း၃၄-ရပ်ကွက်ဒဂုံမြောက်	ဒဂုံမြောက်	၃၄	၁၀၃၆	ဦးထင်ကျော်	အမည်ပြောင်း
၄။	ဦးသက်ရှည်	၁၂/ကတတ(နိုင်)၀၁၃၉၇၁	၉၉၊ အုတ်တွင်းလမ်း ဗဟန်း	ဗဟန်း	၅၁	၁၇-A/၁	ဒေါ်ကျင်မြင့်(ခ)C.Kim Ean	ဂရန်ခွဲ
၅။	ဦးကြင်မြ	၁၂/မဂတ(နိုင်)၀၆၈၅၄၉	၇၀၊ စည်ပင်လမ်း (၂၄)ရပ်ကွက် ဒဂုံတောင်	ဒဂုံတောင်	၂၄	၁၂၈၄	ဦးမောင်ကို	ဂရန်သစ်
၆။	ဒေါ်တင်	၁၂/စခန(နိုင်)၀၂၈၃၄၉	၇၉၊ ရှမ်းလမ်း စမ်းချောင်း	စမ်းချောင်း	၂၇ B	၃၅	မြေပိုင်ဝယ်ယူရေးအဖွဲ့	မြေပုံကူး
၇။	ဒေါ်ရွှေဝါ	၁၂/ကမတ(နိုင်)၀၄၈၄၀၅	၈၉၊ အင်းစိန်လမ်း ကြည့်မြင်တိုင်မြို့နယ်	ရွှေပြည်သာ	၂၆	၂၈၇+၂၈၈	[illegible]	ဂရန်သစ်
၈။	ဒေါ်မြင့်မြင့်ဇော်(ခ)ဒေါ်ဇီဇီ+၄	၁၂/ဗဟန(ဧည့်)၀၀၀၀၂၂	အမှတ်(၂၀/၂၃)၊ ၂၈-လမ်း ပန်းဘဲတန်း	ပန်းဘဲတန်း	၁၅C²	V 61 and V 62	Hajee Ahmed Jeya	မြေပုံကူး
၉။	ဒေါ်မြင့်မြင့်	၁၂/ဥကမ(နိုင်)၀၀၆၃၁၉	၂၁၅၊ ဥက္ကာ(ဂ)လမ်း (ဂ)ရပ်ကွက်၊ မ/ဥ	မ/ဥက္ကလာ	၈	၂၁၅	ဦးချစ်+၁	မြေပုံကူး
၁၀။	ဒေါ်ခင်သူဇာမွှေး(ခ)သူဇာခိုင်+၂	၁၂/အလန(နိုင်)၀၄၀၀၀၄	၄၇(က)၊ မင်းရဲကျော်စွာလမ်း အလုံ	အလုံ	၂၆ A	၂A/၂	အမြဲမတောင်ပိုင်မျိုးကြီးမဲ့ထွန်း	မြေပုံကူး
၁၁။	ဒေါ်ခင်သူဇာမွှေး(ခ)သူဇာခိုင်+၂	၁၂/အလန(နိုင်)၀၄၀၀၀၄	၄၇(က)၊ မင်းရဲကျော်စွာလမ်း အလုံ	အလုံ	၂၆ A	၂B/၂	ဒေါ်ခင်အေး	မြေပုံကူး
၁၂။	ဦးစိုးမြင့်+၁	၁၂/သဃက(နိုင်)၀၉၃၁၃၃	၄၄၊ မိုးသာလမ်းလေးဒေါင့်ကန် သဃ်န်းကျွန်း	သဃ်န်းကျွန်း	လေးဒေါင့်ကန်	၈၀၃	ဦးဘိုထောင်	ဂရန်သစ်
၁၃။	ဦးခင်မောင်အေး	၇/တငန(နိုင်)၀၆၆၁၃၅	၃၂(က+ခ)၊ ၂၈-ရပ်ကွက်၊ သဃ်န်းကျွန်း	သဃ်န်းကျွန်း	၂၈/က	၃၂ က/ခ	ဦးကိုကိုကြီး	အမည်ပြောင်း
၁၄။	ဦးမောင်မောင်	၁၂/ဥကတ(နိုင်)၀၃၂၆၆၉	၁၀၀၁/က၊ ပညာလမ်း (၄)ရပ်ကွက် တ/ဥ	တ/ဥက္ကလာ	၄	၁၀၀၁(က)	ဦးသာထွန်း+၃	အမည်ပြောင်း
၁၅။	ဦးစိုးနိုင်+၄	၁၂/အလန(နိုင်)၀၂၂၃၃	၁၃၊ သမြေကွန်းရပ်ကွက်	မင်္ဂလာတောင်ညွန့်	၁၁A(S-၃၇)	၁၃	ဒေါ်စိတ်ငြိမ်+၄	မြေပုံကူး
၁၆။	ဒေါ်ရွှေ(ခ)ဒေါ်ရွှေနှင်းကလေး	၁၂/ပဘတ(နိုင်)၀၂၁၃၆၂	၈၃၊ ၃၂-လမ်း ပန်းဘဲတန်းမြို့နယ်	ပန်းဘဲတန်း	15D¹	V 79	ဒေါ်ညွန့်မေ+၁	မြေပုံကူး
၁၇။	ဒေါ်အေးမာစိုး	၁၂/ကတတ(နိုင်)၀၂၆၃၀က	၁၂၅ စဉ့်အိုးတန်းလမ်း	လသာ	21-A²	Southern ¼ of II 11	ဦးစိုးဝင်း	မြေပုံကူး
၁၈။	ဒေါ်ကြည်ကြည်ယဉ်+၂	၁၂/ကမရ(နိုင်)၀၁၃၂၅	၃၈၇/၃၉၃၊ မဟာဗန္ဓုလလမ်း	ကျောက်တံတား	၁၄ F-၁	I-7 Northern Portion of Western ½	A.M.H Ramzan Yezdi & A.G.A Ramzan Yezdi	မြေပုံကူး
၁၉။	ဦးမူဆာအေဒီ(မူဆာဖိုင်)	၁၂/ဗဂန(နိုင်)၀၂၁၇၆၅	၄၄/၄၈၊ ၂၆-လမ်း ပန်းဘဲတန်း	ပန်းဘဲတန်း	15C¹	Southern ½ of III 18	Ebrahim Cassimji Madha and Suleman Cassimji Madha	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



DAGON MYANMAR

April (11) April (12) April (11,12) April (12)

Ph: 01-580962, 558911,

(30' X 45')

ဓနစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်ခင်မောင်စိုး–ဒေါ်ကြည်ကြည်စန်းတို့၏တူသား မန္တလေးတိုင်း၊ မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(က/၂၁)နေ ဦးဇေယျာလွင်–ဒေါ်လှလှဌွေးတို့၏သား

မောင်ပြည့်ဖြိုးလွင် B.E(I.T) နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၁၅)နေ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)(ညွှန်ကြားရေးမှူးချုပ်၊ စည်ပင်သာယာရေး ဦးစီးဌာန)–(ဒေါ်ယဉ်ယဉ်မြင့်)တို့၏သမီး၊ ဗိုလ်မှူးကြီးသိန်းဌွေး(ငြိမ်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်အေးအေးမြင့်တို့၏တူမ

မယဉ်ဥမ္မာမျိုး M.E(I.T)(Thesis)

